
စိုးသိန်း
အာဃာတ
Time Of Reckoning
Walter Wager

# မူရင်းစာရေးသူ၏ မှတ်ချက်

ဤစာအုပ်သည် စိတ်ကူးယဉ် လူများ နှင့် စိတ်ကူးယဉ် ဖြစ်ရပ်များ အကြောင်း ရေးသားထားသော ဝတ္ထု ဇာတ်လမ်းဖြစ်ပါသည် ။ သို့တစေ ကျွန်ုပ်တို၌ လူသားမျိုးနွယ် အများ စုအဖို့ စိတ်အနှောင့်အယှက် ဖြစ်စ ရာ ကောင်းလောက်သော ကြောက်မက်ဖွယ်၊ ကြက်သီးထဖွယ် လုပ်ရပ် များကို ကျွန်ုပ်တို့ လူသားမျိုးနွယ်ထဲမှ ရက်စက်ယုတ်မာသော၊ လူမဆန် သော လူအချို့က ပြုလုပ်ကြခြင်း အပေါ် အမှီပြု၍ ရေးသားထားသည့် ဇာတ်လမ်း ဖြစ်ပါသည် ။ အမေရိကန် ပြည်ထောင်စု၌ ရော၊ နာဇီများ စိုးမိုးအုပ်ချုပ်ခဲ့သော တိုင်းပြည်နှင့် ဒေသအချို့တို၌ ပါ ထိုကဲ့သို့ ရက်စက်ယုတ်မာသော ဖိနှိပ်ညှဉ်းဆဲမှုနှင့် အစုအပြုံလိုက် လူသတ်ဖြတ် မှုများကို ကျူးလွန်ဝံ့သူများ ယနေ့တိုင် ရှိနေဆဲဖြစ်ပါသည် ။

လက်တွေ့ ပြင်ပကမ္ဘာလေးထဲတွင် သူတော်ကောင်း ပုဂ္ဂိုလ်များ လည်း ရှိနေပါသေးသည် ။ ၎င်းတို့ အနက် ဤစာအုပ်တွင် ပါရှိသော ဆေးဝါးများ နှင့် ပတ်သက်၍ အတတ်ပညာပိုင်းမှ ကူညီသော အိုင်းစတို င်းဆေးတက္ကသိုလ်မှ ပါမောက္ခဒေါက်တာ သီယိုဒိုစမစ်သည် လည်း တစ်ဦး အပါအဝင်ဖြစ်ပါသည် ။ သူ၏ ကူညီမှု၊ လမ်းညွှန်မှု များကို ကျွန်ု ပ်မှန်ကန်တိကျစွာ အသုံးချနိုင်ခဲ့လိမ့်မည်ဟု မျှော်လင့်ပါသည် ။ ဒေါက် တာသီယိုဒိုစမစ်သည် အလွန်တိကျ စေ့စပ်သူတစ်ဦး ဖြစ်သည် သာမက ကျွန်ုပ်နှင့် လည်း ညီအစ်ကိုဝမ်းကွဲ တော်စပ်သူ ဖြစ်နေသော ကြောင့်

ပင်တည်း။

ဝေါ်(လ်)တာဝေဂါ

***

**မူရင်းစာရေးသူ ဝေါ်(လ်)တာဝေဂါ**

အမေရိကန်ပြည်ထောင်စု ဟားဗတ်ဒ် ဥပဒေကျောင်းမှ ဘွဲ့ရခဲ့သူဖြစ်ပြီး ဆော်ဘုန်းမြို့ 'ဖူးလ်ဘရိုက်ဖဲ လိုး'ကျောင်းသားဟောင်းလည်းဖြစ်သည် ။ အစ္စရေးနိုင်ငံ ပြည်သူ့လေကြောင်း ညွှန်ကြားရေးမှူးရုံးမှ အယ်ဒီ တာ၊ ပလေးဘီလ်(Playbill)မဂ္ဂဇင်းနှင့် 'ရှိုး'မဂ္ဂဇင်းအယ်ဒီတာ တာဝန်များ ထမ်းဆောင်ခဲ့သည် ။ မဂ္ဂဇင်း ဖမျိုး အတွက် ဆောင်းပါးများ နှင့် သူလျှိုဝတ္ထု ဆယ့်တစ်အုပ်ကို ကလောင်ခွဲများ ဖြင့် ရေးခဲ့သည် ။ အမေရိကန် ရုပ်မြင်သံကြားဌာနကြီးသုံးခုအတွက် မှတ်တမ်းတင်ဇာတ်လမ်း၊ ဇာတ်ညွှန်းများ ရေးခဲ့သည် ။ ယခုအခါ အမေ ရိကန် ပြည်သူ့တေးဂီတ မှတ်ပုံတင်အဖွဲ့အစည်း၏ ပြည်သူ့ဆက်ဆံရေး အရာရှိတာဝန်ကို ထမ်းဆောင်ရင်း ဝတ္ထုရေးသားဆဲ ဖြစ်သည် ။ သူရေးသားသော Swap, Warhead (မူလအမည် Viper Three ဖြစ်ပြီး Twlight's Last Gleaming အမည်ဖြင့် မြန်မာပြန်ဆိုခဲ့သည် ။) Telefon (၎င်းအမည်ဖြင့် ရုပ်ရှင်ရိုက်ခဲ့ပြီး စိုးသိဏ်းက 'ရန်စရန်ငြိုး'အမည်ဖြင့် မြန်မာပြန်ခဲ့သည် ။) စသောဝတ္ထုများ ထင်ရှားသည် ။ Time of Reckoning သည် Telefon ကဲ့သို့ပင် အောင်မြင်ကျော်ကြားသော ဝတ္ထုဖြစ်သည် ။

* * *

# အခန်း (၁)

ဖြည်းညင်းစွာ ရွေ့လျားနေသော သံချပ်ကာကားကြီးအတွင်း၌ အပူဒဏ်နှင့် ဓာတ်ဆီအငွေ့များ သည် ခေါင်းမူးနောက်လောက်အောင် ပြင်းထန်ဆိုးရွားလှပေသည် ။ ထို့ပြင် ဆလင်ဒါအလုံး သုံးဆယ်ပါဝင်သော ခရိုင် စလာ အင်ဂျင်သံကြီးကလည်း နားမခံသာအောင် ဒုက္ခပေးနေဆဲရှိ၏။

"တင်ကာဘဲလ် တင်ကာဘဲလ် ပြန်ထူးပါ"

အာဘိုလီနိုက မိုက်ခွက်ကဲ့သို့ စိတ်မရှည်စွာဖြင့် ပြောလိုက်သည် ။

တစ်ကိုက်ခန့်အကွာမှ ပေါက်ကွဲသွားသော ၇၅မီလီမီတာ အမြောက်သံကြီးသည် သူ့အား ဘော့စ်ဘောလ် တုတ်ကြီးနှင့် ရိုက်လိုက်သကဲ့သို့ တုန်ခါသွားစေပြီး သူ့အာရုံအားလုံး ထုံထိုင်းသွား၏။ သူ၏ နားရွက်နှစ်ဖက်ပေါ် တပ်ထားသောနားကြပ်မှာ ကလေးများ ဆောင်းတွင်း၌ အသုံးပြုသည့် အနွေးဓာတ်နားကာ၊ ပါးကာ လေး များ လောက်သာ အရာရောက်ပေတော့၏။ ၃၆ တန်လေးသော ရှာမင်သံချပ်ကား ကားကြီးသည် ပြန်လည်တွန်း ကန်အားကြောင့် အနည်းငယ်မျှယိမ်းထိုးသွားခဲ့ရာ (ဒု)ဗိုလ်ဂျေအမ်အာဘိုလီနိုသည် သတ္တုပစ္စည်း အစိတ်အပိုင်း တစ်ခုခုနှင့် သူ့ခေါင်းတို့ မဆောင့်မိအောင် ကိုယ်ကို မနည်းမတ်ထားလိုက်ရ၏။ သူသည် ဗိုလ်ချုပ်ကြီးပက်တွန် ၏ သံချပ်ကာကားတပ်ကြီးက ဘော့စ်တွန်းမြို့ကို ဝိုင်းထားသည့် ဂျာမန်စစ်တပ်များအား ထိုးဖောက်ခဲ့ပြီးသည့်

အချိန်ကစ၍ ဤရှာမင်သံချပ်ကာကားကြီးကို ဦးဆောင်မောင်းနှင် ညွှန် ကြားခဲ့ရသူဖြစ်သည် ။ ဟစ်တလာ၏ ပိုင်နက်အတွင်း လေးလအကြာ၌ မိုင်ပေါင်းသုံးရာမျှ ချဉ်းနင်းဝင်ရောက်ခဲ့ပြီး ဖြစ်သည့် တိုင် အာဘိုလီနို သည် သံချပ်ကာကားအတွက်၌ သူ့ခေါင်းနှင့် တစ်စုံတစ်ခု မတိုက်မိ၊ မ ဆောင့်မိအောင် ဘယ်လိုလုပ်နေရမှန်း မသိသေးပေ။ ကျင့်သား မရ သေးပေ။

ဝူဘာနှင့် စတာ့ခ်တို့ ၏ ၅၇မီလီမီတာ အမြောက်ကျည်ဆန်ကြီးကို ပြန်ထည့်သော အသံဗလံများကို သူ ကြားရပြီး ရုတ်တရက်၌ သူအမြဲ ကြောက်လန့်တတ်သော သံချပ်ကာကားကိုယ်ထည်ပေါ်မှ ‘ဒက် ဒက် ဒက်’ မြည်သံများကို ကြားရလေသည် ။ သူ၏ အသိဉာဏ်က သုံးလက်မ ထူသော သံချပ်ကိုယ်ထည်သည် ရန်သူ၏ ၇.၉၂မမ စက်သေနတ် ကျည် ဆန်များကို ခုခံနိုင်စွမ်းရှိကြောင်း သိထားခဲ့သော်လည်း သူ၏ ခန္ဓာကိုယ် ၊ သူ၏ အ တွင်းစိတ်ကတော့ ထိုအချက်ကို ရာနှုန်းပြည့် ယုံကြည်ချက်မ ရှိပေ။

"ဟိုက် သောက်ခွေး"

မတတ်နိုင်ပါ။ အာဘိုလီနိုသည် ကိုလံဘီယာ တက္ကသိုလ်၌ နှစ်နှစ်ပ ညာ သင်ယူပြီးစဉ် စစ်တပ်မှ ဆင့် ခေါ်ခြင်း ခံယူခဲ့ရ၏။ သို့သော် သူ သည် စစ်တပ်ထဲရောက်မှ အယုတ္တ၊ အနတ္တတွေ ရေရွတ်တတ်၊ ပြောဆို တတ် ခြင်း ဖြစ်ပေသည် ။ ထို့အတွက် သူ့မှာ အပြစ်မရှိ။ စစ်တပ်ထဲတွင် သူတို့ အားလုံး ဤသို့ပင် ပြောဆိုကြသည် မဟုတ်လား။

ခြွင်းချက်အနေနှင့် တပ်ကြပ် ဂျက်ဖရီဂျက်ဖ်အက်ကင်းစ် တစ်ယော က်သာရှိသည် ။ သူ့ဖခင်က မြောက်ပိုင်း အယ်လာဘားမားပြည်နယ်၏ ဒေသတစ်ခုမှ တရားဟော ဆရာကြီးတစ်ဦးဖြစ်သည် ။ ဘုရားတရား

အလွန် ကိုင်းရှိုင်းသူဖြစ်သည် ။ အက်ကင်းစ်သည် စကားသိပ်များများ မပြော။ ဓမ္မတေးသီချင်းများ သာ သီဆိုနေလေ့ ရှိတတ်သည် ။

ယခုလည်း အက်ကင်းစ်သည် ဓမ္မတေးသီဆိုရင်း ဒသမ ၃၀ ကယ်ဘီဘရာင်းနင်း စက်သေနတ်ဖြင့် ဂျာမန်အစောင့်မျှော်စင်မှ ဂျာမန်စစ်သားများအား အသေအကြေ လှမ်းပစ်လျက်ရှိသည် ။

သို့တစေ အာဘိုလီနို သိပ်ပြီး အားမတက်နိုင်သေး။ ဂျာမန်စစ်စခန်း၏ သည် ဘက်ခြမ်းတွင် အလား တူမျှော်စင်မျိုး ငါးခုခန့်ကျန်ရှိသေးကြောင်း သူမြင်ရသည် ။ အကယ်၍ သာ မိမိတို့ ဘက်မှ ထောက်လှမ်းရေးဌာန ၏ သတင်းပေးချက်မှန်ကန်သည် ဆိုလျှင် ၎င်းဂျာမန်များသည် တစ်ယူသန် အက်စ်အက်စ်နာဇီတပ်ဖွဲ့ဝင်များ ဖြစ်ကြပေလိမ့်မည် ။

"ဟက်ခ်စော ဟက်ခ်စော"

အနီးအနားရှိ ရှာမင်သံချပ်ကာကားတစ်စီး၏ တပ်မှူးက ရေဒီယိုစက်မှ လှမ်းခေါ်နေသည် ။

အာဘိုလီနိုက် သူ့ကို လျစ်လျူရှုကာ မူလက မိမိတို့ အား စစ်ကူလွှတ်ပေးမည်ဆိုသော ဗုံးကြဲတိုက်လေ ယာဉ်ကြီးများကို လှမ်းခေါ်သည် ။

"တင်ကာဘဲလ် ခုပြောတာ ဟက်ခ်စောပါ"

တစ်ဖက်မှ ထူးသံမကြားရ။ လျှပ်စစ်သံများ သာ ကြားရသည် ။

'အနောက်မြောက်ထောင့်မှာ ဂျာမန်ဘဇူကာတပ်စုရှိတယ်'

အာလိုလီနိုက ဂိတ်ဝဘေးနားမှ ဂျာမန်ဘဇူကာတပ်စုကို မြင်မြင်ချင်း သတိပေး ကြေညာလိုက်သည် ။ အာဘိုလီနို၏ သံချပ်ကာကားအတွင်း၌ ၇၅မမ အမြောက်ပေါက်ကွဲသံကြီး ဟိန်းသွားပြီး ပန်ဇာဘဇူ

ကာ တပ်စုကလေးလည်း အစအန ပျောက်သွားသည် ။ သေရမှာ မကြောက်သော တစ်ဇွတ်ထိုး နာဇီစစ်သားများ နောက်ထပ်ကျန်ရှိကြဦးမှာ သေချာသည် ဟု အာဘိုလီနီ တွေးမိသည် ။

ယခုထိ ပီ-၄၇ လေ ၃ ယာဉ်များ ကောင်းကင်၌ ပေါ်မလာကြသေး။

"တောက်"

"ခုပြောတာ ဟက်ခ်စောပါ။ ခုထိလေကြောင်းက စစ်ကူတွေ ရောက်မလာသေးဘူး။ သူတို့ ကို ကျွန်တော် တို့ အားမကိုးတော့ဘူး၊ ဂျာမန်တွေကို အပြုတ်တိုက်စို့"

အာဘိုလီနို၏ သံချပ်ကာကားကြီးသည် ဂိတ်တံခါးကို ဖျက်ဆီးလိုက်သလိုအခြား ရှာမင်တင့်ကား (၉)စီးလည်း ကြေးနန်းကြိုးတပ် ဝင်းထရံများကို ထိုးဖောက်လိမ့်ဝင်ကြသည် ။ ခြေလျင်တပ်သားများက ထိုအပေါက်များမှ တိုးဝင် လာပြီး မြင်သမျှ ရန်သူ၊ ဂျာမန်များအား တရစပ် ပစ်ခတ်လေသည် ။

သံချပ်ကာကားများ ထံမှ အကူအညီ ရသည် မှန်သော်လည်း တကယ်တော့ ချောင်းမြောင်းပစ်ခတ်သူ များ နှင့် ခေါင်းမာစွာခုခံနေသော ကတုတ်ထဲမှ ဂျာမန်စစ်သားများ ၊ အသေခံပြီး လက်ပစ်ဗုံးနှင့် လှမ်းထုနေသော နာဇီများကို ထိတ်လန့်တုန်လှုပ်စွာ၊ မောဟိုက် နွမ်းလျစွာဖြင့် ခက်ခဲစွာ ထိုးစစ်ဆင်ရသူများမှာ မိမိတို့ ဘက်မှ ခြင်လျင် တပ်သားများ သာ ဖြစ်၏။

တိုက်ပွဲကား ကြမ်းတမ်းလှသည် ။ သွေးချောင်းစီးသွား၏။ နောက်ဆုံး၌ အက်စ်အက်စ် တပ်သားများ သွေးချောင်းစီးသွား၏။ လက်မြှောက်အရှုံး ပေးလိုက်သောအခါ အာဘိုလီနိုသည် ကျဉ်းကျပ်သော စိတ်ပျက် ဖွယ်ရာ သတ္တုဘူးခွံသဖွယ် သံချပ်ကာကားကြီးများမှ သူ့တပည့်တပန်း

များအား ဦးဆောင်၍ အပြင်ထွက်လာ လေသည် ။

သည့် နေရာ တစ်ခုခုတော့ မှားယွင်းလွဲချော်နေပြီ။

အသက်ငယ်ရွယ် နုပျိုဆဲဖြစ်သော (ဒု)ဗိုလ်ကလေး အာဘိုလီနိုအား အမျိုးအမည်တပ်၍ မပြောနိုင် သော အရာတစ်ခုခုက အနည်းငယ် ကြက်သီးမွေးညင်း ထသွားစေသည် ။ ဘာမှန်းမသိ။ အာဘိုလီနိုသည် တပ်ဖွဲ့မှူး၏ ထွက်ပေါက်တွင် ကိုယ်တစ်ပိုင်းသာ ထွက်ရပ်ရင်း ဒသမ ၅၀ ဆံ့လည် စက်သေနတ်ကြီး၏ လက် ကိုင်ကို အမွှန်အမြတ်ရတနာ ပစ္စည်းတစ်ခုနှယ် ဆုပ်ကိုင်ထားမိသည် ။

ကျန်ရဲဘော်များကား သံချပ်ကာကားပေါ်မှ ဆင်းပြီး ထုံးစံအတိုင်း ကိုယ်လက် အညောင်းဆန့်ကာ ပါးစပ်မှ တတွတ်တွတ် စကားပြောနေကြသည် ။ ကော့တ်လာကလည်း ထုံးစံအတိုင်း သေးသွားပေါက်သည် ။ အာဒ်စလီမြို့ဇာတိဖြစ်သည့် ကော့တ်လာသည် ပထမတန်း သံချပ်ကာကား ယာဉ်မောင်း ဖြစ်သော်လည်း သံချပ် ကာ ကားတစ်စီးကို တစ်နာရီလျှင် ၂၂ မိုင်၊ ၂၃မိုင်ထက် ပိုမောင်းလျှင် ဆီးမသွားဘဲ မနေနိုင်အောင် ဖြစ်တတ်သူ ဖြစ်၏။

အက်တ်ကင်းစ်သည် သံချပ်ကာကားရှေ့တွင် တောင့်တောင့်ရပ်ရင်း ဗယ်ဘက်လက်ထဲမှ ရေဗူးကိုမော့ သောက်ကာ ညာလက်၌ လက်ပတ်နာရီသဖွယ် မလွတ်တမ်းပါသော ကာဘိုင်သေနတ်ကို ဆုပ်ကိုင်ထားသည် ။ ပိန်ညှက်ညှက် ကျေးလက်တောသားကလေး အက်ကင်းစ်သည် သွားလေရာ သူ့ကာဘိုင်ကြီး ယူသွားမြဲ။ ဤလုပ်ရပ်နှင့် ပတ်သက်၍ သူများ တကာက သူ့ကို နောက်ပြောင်လေ့ရှိသည် ။ ယခုအချိန်မှာ တော့ မည်သူမျှ နောက် ပြောင်နိုင်ခြင်းမရှိ။

သူတို့ တွေအားလုံး ဤနေရာသည် မသင်္ကာစရာ၊ ကြက်သီးထစရာ

ဖြစ်ကြောင်း အလိုလိုခံစားမိကြသ လို ရှိနေ၏။

'သူတို့ 'ကို အာဘိုလီနိုက အလျှင်ဆုံး တွေ့သွားသည် ။

"ဘုရား ဘုရား"

သူက စက်သေနတ်ကြီးကို 'သူတို့ ' ဘက်လှည့်ချိန်သည် ။ 'သူတို့ 'သည် မိမိအား ရန်မူလိမ့်မည်ထင် သောကြောင့် တည်း။

သို့သော် သူတို့ သည် ရန်မူလိုကြဟန်မတူ။

သူတို့ သည် အရေအတွက်များ ပြားလှ၏။ သူတို့ သည် ညစ်ပတ်စုတ်ပြတ်သတ်သော ဝတ်စုံများကို ဝတ် ထားကြသည် ။ အရိုးပဒေသာရုပ်များ ဖြစ်ကြသည် ။ သူတို့ ဝတ်စုံများက အကစ်အကစ် ယူနီဖောင်းများမဟုတ်။ တစ်မျိုးတစ်ဘာသာ ကွဲပြားသည် ။ ယောကျ်ား၊ မိန်းမ၊ ကလေးများအားလုံးသည် အနီးရှိ သစ်သားအိမ်ကြီးတစ် လုံးထောင့်သို့ ရှူးကြောင်ကြောင်၊ ရီဝေဝေမျက်လုံးများ နှင့် ကြည့်ရင်း စုပြုံထွက်လာကြသည် ။ သူတို့ သည် သံချပ် ကာကားရှေ့နား ရောက် လာပြီး ရပ်လိုက်ကြသည် ။ အမေရိကန်စစ်သားများကို စိုက်ကြည့်နေရသည် ။

အာဘိုလီနိုသည် ဤမျက်နှာများ ပေါ်မှ စိတ်ဆင်းရဲမှုမျိုးကို တစ်ခါမှ မတွေ့ဖူးပေ။

မကြာမီ၌ ထောက်လှမ်းရေး အရာရှိ ဗိုလ်ကြီး မက်အင်နာနေ ဂျစ်ကားဖြင့် ရောက်လာသော အခါတွင် လည်း အာဘိုလီနိုသည် ဤအတိုင်း ပြန်ပြောပြသည် ။

"ဒီမှာ ဘာဖြစ်နေတာလဲ မက်ရယ်"

"ဒီဟာ လူသတ်စက်ရုံကြီး၊ သားသတ်ရုံကြီးပဲကွ"

မက်အင်နာနေ၏ ဒရိုင်ဘာကလည်း မျက်မှောင်ကြုတ်၍ ခေါင်းယမ်းခါလိုက်သည် ။

"ဟင်း ကျွန်တော် သားသတ်ရုံမှာ နှစ်နှစ်လုပ်ခဲ့ဖူးတယ်၊ တစ်သက်လုံး ဒီဟာမျိုးတော့ မမြင်ဖူးသေး ဘူးဗျာ"ဟု ပြောသည် ။

အာဘိုလီနိုသည် ကြောက်လန့်ရသော အရိုးပဒေသာ အကျဉ်းသားများအား လက်ညှိုးထိုးပြပြီး။

"မက် သူတို့ က ဘယ်သူတွေတုန်း"

"ဒါမျိုး တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးဘူး"

ဒရိုင်ဘာက လည်ချောင်းသံ အောအောကြီးနှင့် ရေရွတ်လိုက်ပြန်သည် ။ အဖြစ်အပျက်ကား အတော် လေး ရှုးကြောင်ကြောင်ဆန်လှ၏။ ရုပ်ရှင်ပိတ်ကားပေါ်မှ ပြဇာတ်နှင့် အသံတို့ ချိန်သားမကိုက်သလို ဖြစ်နေသည် ။

"တစ်ပတ် တစ်ပတ်ကို သူတို့ (နာဇီတွေ)ဟာ လူထောင်ချီပြီး သတ်ပစ်နေကြတယ်။ ယောက်ျား၊ မိန်းမ၊ ကလေး ထောင်ပေါင်းများ စွာ သတ်ပစ်ကြတယ်။ ဘုရား ဘုရား ဘုရား"

မက်အင်နာနေက ဘော်စ်တွန်မြို့ဇာတိ အသံဝဲဝဲနှင့် ပြောလိုက်သည် ။

"ဘာလို့ လဲ"

မက်အင်နာနေသည် ထိုမေးခွန်းကို ကြားပုံမရ။

"သူတို့ က ဒီလူတွေကို အစာငတ်ထားတယ်။ သေနတ်နဲ့ ပစ်သတ်တယ်၊ အဆိပ်ဓာတ်ငွေ့ ခန်းထဲ ဝင်ခိုင်း တယ်၊ ထင်းမီးသွေးလို မီးရှို့ပစ်ကြ

တယ်"

"ဒန်သီရဲ့ ငရဲခန်းဆိုတာ မျက်ဝါးထင်ထင် မြင်ချင်ရင်၊ မင်း ကိုယ်တိုင်သွားကြည့်"

အာဘိုလီနိုသည် သူ့တပ်စုဆီသို့ ပြန်သွားပြီး ဗိုလ်ကြီးမက်အင်နာနေ ပြောသမျှကို ပြန်ပြောသည်။ ထို့နောက် မိမိတို့ သံချပ်ကာကားပေါ် ပြန် တက်ကြရန် အမိန့်ပေးလိုက်၏။

ကော့တ်လာသည် ယာဉ်မောင်းခန်းသို့ ပြန်ဝင်ထိုင်ပြီး အာဘိုလီနိုက လည်း သူ့နေရာသူ ပြန်ဝင်သည်။ အခြားရဲဘော်များမှာ သံချပ်ကာကား ကိုယ်ထည် အပြင်ဘက်မှ ထိုင်လိုက်သူလိုက်။ မတ်တက်ရပ် တွဲလောင်း ခို လိုက်သူလိုက်ကြသည်။ သံချပ်ကာ ကားကြီးရှေ့သို့ ထွက်လာသည်။

အကျဉ်းသားအုပ်စုကြီးမှာ ကြောက်လန့်ပြီး နောက်သို့တွန့်ဆုတ် သွားသည်။ ရှာမင်သံချပ် ကာကားကြီး သည် သူတို့ ဘေးမှ ဖြတ်ပြီး အ ကျဉ်းစခန်း၏ ဓာတ်ငွေ့နှင့် အလယ်ပိုင်းသို့ ဦးတည်သွားသည်။ နာဇီ တွေ အကျဉ်းသားများအား ဓာတ်ငွေ့နှင့် သတ်သော အဆောက်အအုံ ကြီးက ဟိုမှာ။ ဟောဒီတိုက်ကတော့ လူတွေကို အမှိုက်သရိုက်ကို မီးရှို့ပစ်သောနေရာ စသဖြင့် ဘာလ်တီမိုးရ်မြို့ ဇာတိ ပိန်ရှည်ရှည် ခြေလျင်တပ်သားတစ်ဦးက အာဘိုလီနို တို့အား ရှင်းပြသည်။

"လူဦးရေ ထောင်နဲ့ ချီပြီး သတ်ပစ်ကြသလား"

အာဘိုလီနိုက မေးသည်။

ခြေလျင်တပ်သားလေးက ခေါင်းညိတ်ပြသည်။

"အပတ်တိုင်းလား"

ခေါင်းညိတ်ပြန်၏။ သံချပ်ကာကား တပ်သားများ အသံမထွက်နိုင်

ဘဲ တုန်လှုပ်စွာဖြင့် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသည် ။

"တစ်ရာ့တစ်ဆယ် လောက်လည်း ရှိတတ်တယ်၊ နှစ်သိန်းလောက်ရှိတယ် ဆိုလားပဲ၊ ပြောသံ ကြားတာ ပဲ ဆရာ၊ ဟောဟို စစ်တန်းလျားတွေ နောက်က တွင်းကြီးထဲမှာ အလောင်းတွေ စုပုံထားတာအပြည့်ပဲ"

ခြေလျင်တပ်မှ တပ်ကြပ်တစ်ဦးက ပြောသည် ။

ထိုတွင်းကြီးသို့ စက္ကန့်(၉၀)အကြာ၌ သူတို့ ရောက်သွားကြသည် ။ ဘောလုံးကွင်း တစ်ကွင်းထက် အလျား ပိုရှည်ပြီး အနံက ဘောလုံးကွင်း တစ်ဝက်လောက်ရှိသော ဧရာမတွင်းကြီး။

အလောင်းတွေ အပြည့်။

စောစောကလူတွေလို အရိုးအပြိုင်းပြိုင်းနှင့် သနားစရာကောင်းသော လူများ ၏ အလောင်းများကို မြင်မကောင်း၊ ရှုမကောင်းအောင် ဖြစ်ကတတ်ဆန်း စုပုံပစ်ထည့်ထားသည် ။

အစီအရီမဟုတ်။ စနစ်တကျမဟုတ်။ တချို့များ တစ်လောင်းနှင့်တစ်လောင်း ခြေချင်း၊ လက်ချင်းချိတ်လျက်။ လူနှစ်ထောင်ကျော်ရှိမည်ဟု အာဘိုလီနို ခန့်မှန်းသည် ။ သည် အလောင်း တွေကို ဘယ့်နှယ်လုပ်ရေတွက် ကြည့်လို့ ရပ့ါမလဲ။ သည် အိပ်မက်ဆိုးကြီးကို ဘယ်လို ဖျောက်ဖျက်လို့ ရပ့ါမလဲ။

စတာ့ခ်သည် တစ်ကိုယ်လုံးလှုပ်ခါပြီး အော့အန်ချလေတော့သည် ။ စတော့ခ်သည် မြောက်အာဖရိကနှင့် နော်မန်ဒီကမ်းခြေ တိုက်ပွဲမှာ တုန်းကရရှိခဲ့သော ဒဏ်ရာများ အတွက် 'ခရမ်းရောင်နှလုံးသား' ဆုတံဆိပ်ကို လည်းကောင်း၊ အာဒင်းစ်တိုက်ပွဲမှာ တုန်းက 'ကြေးနီရောင် ကြယ်ပွင့်' ဆုတံဆိပ်ကိုလည်းကောင်း ရရှိခဲ့သူဖြစ် သည် ။

သို့သော် သူ အန်၍ မဆုံးသေး။

သူ ဒါမျိုး မမြင်ဖူးသေး။

ထိုအခိုက်သည် အာဘိုလီနိုသည် ကလေးတစ်ယောက်ကို တွေ့သွားသည် ။ ကလေးလေး မိမိအနားသို့ ဘယ်အချိန်က ချဉ်းကပ်လာသည် ကို သူမသိလိုက်။ လှမ်းကြည့်လိုက်တော့ သူ့ကိုဘွားခနဲတွေ့ရသည် ။ အဝတ် အစား၊ စုတ်စုတ်ပြတ်ပြတ်နှင့် အသက်သုံးလေးနှစ်ခန့်ရှိ ကောင်လေးတစ်ယောက်။

သူက တစ်စုံတစ်ခုကို တိုးတိုးလေးပြောလိုက်ရာ ဂူဘာတစ်ယောက်သာ နားလည်သည် ။

"သူ ဗိုက်ဆာလို့ တဲ့ "

အမြောက်တပ်သား ဂူဘာက ဘာသာပြန်ပေးသည် ။

ကောင်လေးသည် ဗယ်ဘက်လက်ကို မြှောက်ပြီး လက်မောင်းပေါ်သို့ လက်ညှိုးထိုးပြသည် ။

နံပါတ်တစ်ခုကို ဆေးမင်နှင့် ထိုးထား၏။ တစ်သက်လုံး ဖျက်မရနိုင်သော ဆေးမင်ကြောင်ထိုး နံပါတ် တစ်ခု။

သံချက်ကာကားတပ်သားသည် သူ့အား သံချပ်ကာကားပေါ်ပါသော အရေးပေါ် စားနပ်ရိက္ခာများ ထဲမှ ချောကလက်ပြားများကို ကျွေးသည် ။ ကောင်လေးသည် တိရစ္ဆာန်တစ်ကောင်လို အငမ်းမရ ကိုက်စားသည် ။ အမေရိကန်စစ်သားများက သူ့ကိုငေးကြည့်နေကြသည် ။ အက်တ်ကင်းစ်က ကောင်လေးကို ရေဗူးလှမ်းပေး သည် ။ ကောင်လေးက အလောင်းများ မြှုပ်သော တွင်းကြီးဆီ လက်ညှိုးထိုးပြသည် ။

"သူ့မိဘတွေ အဲဒီထဲမှာ တဲ့ ဆရာ"

အာဘိုလီနိုက ကျိန်ဆဲလိုက်မိ၏။ တစ်ဖန် ကောင်လေးက သူတို့နောက်ဘက်ရှိ တိုက်ကြီးဆီ လက်ညှိုး ထိုးပြပြန်သည် ။ ကော်ပိုရယ်အက်တ်ကင်းစ်သည် ထိုအဆောက်အအုံသို့ ဦးစွာရောက်သွား၏။ သူ၏ ကာဘိုင်ဖြင့် ဒုတိယထပ် ပြတင်းပေါက်သို့ လှမ်းပစ်ထည့်သည် ။

အက်စ်အက်စ်တပ်မှ ချောင်းမြောင်းပစ်ခတ်သူ စစ်သားတစ်ဦး ထွက်လာသည် ။ အက်တ်ကင်းစ်က နှစ်ချက်ထပ်ပစ်သည် ။ အောက်ပြုတ်ကျလာသော နာဇီစစ်သား၏ ခန္ဓာကိုယ်ထဲသို့ ကျည်ဆန်များ ဝင်သွား၏။ အက်တ်ကင်းစ်ငယ်စဉ်က ရေဝမ်းဘဲများ လိုက်လံပစ်ခြင်း၏ အကျိုးကျေးဇူး ဖြစ်၏။ အက်တ်ကင်းစ်သည် ကာ ဘိုင်ကို အနည်းငယ် ပြန်ချပြီး ကောင်လေးကို လက်တစ်ဖက်ဖြင့် ကောက်ချီသည် ။ ကောင်လေးကို တယုတယ ပွေ့ဖက်ထားရင်း သူ၏ ဖုန်အလိမ်းလိမ်း ကပ်နေသော မျက်နှာပေါ်သို့ မျက်ရည်များ စီးကျမလာအောင် စိတ်ကို မနည်းချုပ်တည်းထားလိုက်၏။

အက်တ်ကင်းစ်သည် သူဆိုနေကျ ဓမ္မတေးတစ်ပုဒ်ကို ညည်းသွားရင်း ငိုချလေသည် ။ သုံးနှစ်သား ကောင်လေးသည် သူတို့ အား အဘိုးအိုကြီးတစ်ယောက်၏ မျက်တွင်းဟောက်ကြီးများ ပမာဖြစ်သော မျက်တွင်း ထဲရှိ မျက်လုံးများ ဖြင့် စူးစိုက်ကြည့် နေလေသည် ။

"ဟက်(ခ်)စော တင်ကာဘဲလ် ခေါ်နေတယ်"

ရေဒီယိုမှ အသံမြည်လာသည် ။

အာဘိုလီနိုက မော့ကြည့်လိုက်သည် ။ မိုးကုတ်စက်ဝိုင်းဆီမှ တဖြည်းဖြည်း ရွေ့လျားလာသော အနက် ရောင် အစက်အပြောက်ကလေးများကို တွေ့ရသည် ။

"ခုနစ် ရှစ် ကိုး"

သောက်ကျိုးနည်း ခုမှ ပဲ မောင်မင်းကြီးသား စစ်ကူလေယာဉ်ပျံတွေ ရောက်လာတော်မူတော့တယ်။

* * *

# အခန်း(၂)

ထိုနေ့ နေ့ခင်းပိုင်းတွင် ဗိုလ်ကြီးအင်နာနေက ရေဒီယိုစက်မှ ဘာ ပြောလိုက်ကြောင်း တရားဝင်မှတ် တမ်း မှတ်ချက်များ လုံးဝမရှိသော် လည်း တပ်ခွဲမှ တစ်စုံတစ်ယောက်ကတော့ သူ့စကားကို ယုံကြည်ခဲ့ပုံရ ၏။

နောက်နေ့မနက် အရုဏ်တက်ပြီးခါစတွင် အစားအစာများ အပြည့် ပါသော ထရပ်ကားများ နှင့် ဆေးရုံ ကားများ ရောက်ရှိလာသောကြောင့် ပင်တည်း။

၎င်းတို့ သည် တစ်ညလုံး မောင်းနှင်လာခဲ့ကြခြင်းဖြစ်သည် ။ ကား အစီးရေ တစ်ရာပါဝင်သော ယာဉ် တန်းရှည်ကြီး တစ်ခုဖြစ်သည် ။ ကားအစီးရေနှင့် စားဖိုမှူးများ သည် အံ့သြတုန်လှုပ်ဖွယ်ရာ အခြေအနေ သို့ လျင်မြန်စွာ အကဲခတ်ပြီး ချက်ချင်းပင် လုပ်ငန်းစကြတော့သည် ။ သူ တို့ သည် အစွမ်းကုန် လုပ်ဆောင်ကြသည့် တိုင် ညဘက်ပိုင်း၌ အစာရေ စာ ငတ်မွတ်မှုနှင့် ရောဂါဘယဒဏ်တို့ ကြောင့် နာဇီသုံ့ပန်း အကျဉ်း သားတစ်ဖြစ်လဲ လူနာကိုးဆယ့်ရှစ်ယောက် အသက်ဆုံးသွားလေသည် ။

နေ့လည် မွန်းတည့်ချိန်တွင် ဗိုလ်ချုပ်ကြီး ရောက်လာသည် ။ သူ သည် ကြယ်သုံးပွင့် တပ်ခွင့်ရထားသူ ဖြစ်ပြီး ပုလဲရောင်ဒင်ပါသော ပစ္စ တိုနှစ်လက် အမြဲကိုင်ဆောင်သူ ဖြစ်သည် ။ သူသည် "ဘီးများ ပေါ်မှ

အကြမ်း တမ်းဆုံး ခွေးမသား ဖြစ်သည် "ဟု နော်မန်ဒီ ကမ်းခြေတိုက်ပွဲ စခါနီးတွင် လျှာရှည်သော တိုင်း(မ်)မဂ္ဂဇင်း သတင်းထောက်တစ်ဦးအား သူ့ကိုယ်သူ အဓိပ္ပာယ် သတ်မှတ်ချက် ပေးခဲ့ဖူး၏။ သူ တကယ်ပြောခြင်း ဖြစ်သည် ။ ယခုလည်း သူနောက်ပြောင်ခြင်း မရှိ။ သူသည် သံချပ်ကာ ကားများ ၊ ဖုန်ကာ မျက်မှန်ဝိုင်းကလေးများ တပ်ထား ကြသည့် မော်တော်ဆိုင်ကယ် စစ်သားတစ်စုတို့ နှင့် အတူ ရောက်ရှိ လာပြီး သူ့ မော်တော်ကားပေါ်မှ သူ့တပည့်က ကားတံခါးဖွင့် မပေးနိုင်မီပင် ခုန် ဆင်းလိုက်သည် ။

"ကဲ ဆိုစမ်းကွာ"

သူက တဲ့ တိုးမေးသည် ။

ကိုယ်လုံးတုတ်တုတ် ဗိုလ်မှူးတစ်ဦးက အစီရင်ခံရန် ရှေ့တိုးလာသ ည် ။

"မဟုတ်က ဟုတ်ကတွေ မပါစေနဲ့ "

ဗိုလ်ချုပ်ကြီးက အခြေအနေကို မျက်စိကစား အကဲခတ်ပြီး သတိ ပေးလိုက်သည် ။

"မပါပါဘူး ခင်ဗျာ"

ဗိုလ်မှူးက အဖြစ်အပျက် အလုံးစုံကို ပြောပြသည် ။

အာဘိုလီနိုတို့ သံချပ်ကာကားတပ်စုက နာဇီတပ်စခန်းထဲသို့ ထိုး ဖောက်ဝင်ခဲ့ကြပုံနှင့် နောက်ဆုံး၌ အနိုင်တိုက်ယူခဲ့ကြပုံတို့ ကို တင်ပြသ ည် ။

"သူ့ကို သွားခေါ်စမ်း"

ရဲဘော်တစ်ဦးက အာဘိုလီနိုအားရှာပြီး ခေါ်လာသည် ။ သူသည် မနေ့က တိုက်ပွဲ အကြောင်းကို အားမာန်အပြည့်နှင့် မားမားမတ်မတ်ရပ်ပြီး ပြောပြသည် ။ သိပ်တော့မလွယ်လှပါ။ မနေ့ညက သူအိပ်မရခဲ့သောကြောင့် ပင် ဖြစ်၏။

"အင်း ဒီတော့ ဒီကိစ္စမှာ မင်းက ခေါင်းဆောင်ကိုး။ လေကြောင်း စစ်ကူကို မင်း မစောင့်တော့ဘူးလို့ ဆုံးဖြတ်ခဲ့သပေ့ါ"

ဗိုလ်ချုပ်ကြီးက မေးသည် ။

"ဟုတ်ပါတယ် ဗိုလ်ချုပ်ကြီးခင်ဗျား"

"မင်းကို အထက်အမိန့် လွန်ဆန်ဖို့ ဘယ်သူက ခွင့်ပြုထားလို့ လဲကွ"

အာဘိုလီနိုသည် မျက်ထောင့်နီကြီးများ ဖြင့် စိုက်ကြည့်ရင်း ဝါးခနဲ သမ်းချင်စိတ်ကို ချုပ်တည်းထားပြီး ဗိုလ်ချုပ်ကြီးကိုလည်း ဆွဲမထိုးမိအောင် သူ့ဒေါသကိုပါ 'ချွန်းအုပ်' ထားလိုက်ရသည် ။

"ကျွန်တော့်ကို ဘယ်သူမှ ခွင့်မပေးထားပါဘူး။ ကျွန်တော် ဟောဒါတွေရှိလို့ လုပ်ရဲတာပါ ဗိုလ်ချုပ်ကြီး"

အာဘိုလီနိုက သူ့ဘယ်ဘက်ပုခုံးပေါ်ရှိ ရွှေချောင်းကို လက်ညှိုးထိုးပြ၍ ပြောသည် ။

ဗိုလ်ချုပ်ကြီးပြုံးသည် ။ ဤအပြုံးကို "ကြယ်ပွင့်များ နှင့် အစင်းကြောင်းများ " (အမေရိကန် ပြည် ထောင်စုအလံ) စစ်ဘက်ဆိုင်ရာ သတင်းစာမှ ဓာတ်ပုံဆရာများ အကြိုက်တွေ့တတ်၏။

"အေး မင်းတော်တယ်"

"လေကြောင်းစစ်ကူက နောက်ကျမှ ရောက်လာပါတယ် ဗိုလ်ချုပ်

ကြီးခင်ဗျား"

အာဘိုလီနို ဆက်ပြောသည် ။ ဗိုလ်ချုပ်ကြီး ဘာကြောင့် သွားဖြဲနေမှန်း သူစဉ်းစားမရ။

"ဒီ မအေပေး လေယာဉ်ပျံတွေက အမြဲနောက်ကျတာချည်းပဲ"

ဗိုလ်ချုပ်ကြီးသည် သူ့တပည့်အား လက်ညှိုးဆက်ခနဲ ထိုးပြီး

"ဟိုသေတ္တာ သွားယူခဲ့စမ်းဟေ့ ဒီလိုစစ်သားမျိုး ငါတို့ ရှာနေတာ ကြာပြီခုမှ တွေ့တယ်"

စက္ကန့်ငါးဆယ်အကြာတွေ့ အာဘိုလီနိုသည် ကြေးနီကြယ်ပွင့် ဂုဏ်ပြုတံဆိပ်ကို လက်ခံယူလိုက်ရသည် ။ ဗိုလ်ချုပ်ကြီးက မိမိအား နာဇီတပ်စခန်းအတွင်း လိုက်ပြသရန် အမိန့်ပေးသည် ။

"ကျွန်တော် ဒီဆုကို လက်ခံရမှာ လား"

"မင်းနဲ့ ထိုက်လို့ ပေးတာ ငြင်းမနေနဲ့ ကွာ"

ဗိုလ်ချုပ်ကြီးသည် ယခုမှ ပင် အာဘိုလီနိုအပါး၌ မခွဲတမ်းပါလာသော ပိန်ညှောင်ညှောင် ကောင်ကလေး ကို သတိပြုမိသည် ။ ချာတိတ်လေးသည် အလောင်းများ မြှုပ်သည့် တွင်းကြီးအနီး၌ အာဘိုလီနိုနှင့် စတွေ့ ကတည်းက သူနှင့် အတူ ပါလာခဲ့သည် ။

"ကျွန်တော် သူ့ကိုခေါ်လာပါရစေ ဗိုလ်ချုပ်ကြီးခင်ဗျား။ နာဇီတွေက သူ့မိဘတွေကို သတ်ပစ်လိုက်ကြတယ်။ သူက ကျွန်တော်ကို မွေးစားစေချင်ပုံရတယ်။ သူ သိပ်ကြောက် နေရှာပါတယ် ဗိုလ်ချုပ်ကြီးခင်ဗျာ"

"ခေါ်ခဲ့"

သူတို့ တစ်စုသည် ဗိုလ်ချုပ်ကြီး၏ ကားဖြင့် အကျဉ်းစခန်းအတွင်း၌

ဖြည်းညင်းစွာ လှည့်ပတ်ကြည့်ရှု ကြသည် ။ ဗိုလ်ချုပ်ကြီး၏ ကား နောက်မှ ရေဒီယိုဆက်သွယ်ရေး ထရပ်ကားကြီးတစ်စီးက ထုံးစံ အတိုင်း လိုက် ပါလာသည် ။ မီးသဂြိုဟ်တိုက်အတွင်းမှ ပြန်ထွက်လာ ကြသောအခါ ဗိုလ်ချုပ်ကြီး၏ တပည့်က ဗိုလ်မှူးကြီး ဒပ်ကင်ဟမ်ထံမှ ကြေးနန်းသတင်းကို ပြောပြသည် ။

ဒပ်ကင်ဟမ်သည် ခြေလျင်တပ်မှ ထရပ်ကားများ မရောက်လာမချင်း သူ၏ သံချပ်ကာကား တစ်စုကြီးကို ရပ်စောင့်ခိုင်းထားမည် ဖြစ်ကြောင်း သတင်းပို့သည် ။

"ဒီ ခွေးသူတောင်းစားကို ရှေ့ဆက်တက်ခိုင်းစမ်း"

ဗိုလ်ချုပ်ကြီးတပည့်က ဆက်သွယ်ရေးတာဝန်ခံ တပ်ကြပ်ကြီးအား ဗိုလ်ချုပ်၏ အမိန့်ကို တစ်ဆင့် ပြောခိုင်းသည် ။

"ဗိုလ်မှူးကြီး ဒပ်ကင်ဟမ်ကို သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း ရှေ့ဆက်ချီတက်ဖို့ အကြောင်း ကြားလိုက်ပါ"

ဗိုလ်ချုပ်ကြီးသည် နောက်မိနစ်လေးဆယ် လုံးလုံးစကားတစ်ခွန်းမှ ထပ်မပြောတော့ပေ။ သူသည် စကားကို အလွန်တရာမှ လွတ်လပ်စွာ ပြောဆို တတ်သူဖြစ်သည် ။ စကားထိန်းသိမ်းမှု မရှိသဖြင့် တစ်ခါတစ်ရံ ပြဿနာပေါ်ရသေး၏။ သို့သော် စက်ဆုပ်ဖွယ် အကျဉ်း စခန်းတစ်ဝိုက် ကို လှမ်းကြည့်ပြီးသောအခါ သူနှုတ်ဆိတ်နေသည် ။

"ဒီဟာ ဘာဟုတ်သေးလဲကွာ၊ ဘယ်လ်ဆင်ဆိုတဲ့ အကျဉ်းစခန်းတစ် ခုကို ဗြိတိသျှတွေ ဝင်သိမ်းပိုက် တော့ သည့် ထက်ဆိုးတာတွေ တွေ့ရသ တဲ့ ။ နောက်ပြီး ရုရှားတပ်တွေလည်း ဒီလိုအကျဉ်းစခန်းမျိုးတွေ အတော် များများ တွေ့ ခဲ့ရတယ်ဆိုပဲ။ ဘယ်လ်ဆင် အကျဉ်းစခန်း နား မှာ နေကြတဲ့ ဂျာမန်တွေက ဗြိတိသျှတွေကို ဘာ ပြောသလဲ မင်းသိလား

"

အာဘိုလီနိုက ခေါင်းခါပြသည် ။

"ဒါမျိုးတွေ ဖြစ်နေတာ သူတို့ လုံးလုံးမသိပါဘူးတဲ့ ။ တစ်စွန်းတစ်စ တောင် မကြားဘူးတဲ့ ငါ့ကိုတော့ ဒီကောင်တွေ ဒါမျိုးလာလုပ်လို့ မရဘူး မှတ်"

ဗိုလ်ချုပ်ကြီးက ခပ်ပြတ်ပြတ်ပြောသည် ။ သူ့တပည့်ဆီ လှမ်းကြည့် လိုက်သည် ။

"မာတီရေ စားနပ်ရိက္ခာတွေကို ထရပ်ကားပေါ်က အကုန်ချပြီး အဲဒီ ကားအားလုံးနဲ့ အနီးဆုံးမြို့မှာ နေ ထိုင်ကြတဲ့ မြို့သူမြို့သားအားလုံးကို တင်ခေါ်လာခဲ့စမ်း။ ယောက်ျား၊ မိန်းမ၊ ကလေးတစ်ယောက်မှ မကျန် စေနဲ့ ။ ၁၃ နှစ်အရွယ်ကနေ၊ အသက် ၁၃၀အထိရှိရှိ အားလုံးခေါ်လာခဲ့။ အဲဒီလူတွေကို ဟောဒီ အကျဉ်းစခန်းကို ဖိတ်ခေါ်ပြချင်လို့ ဟေ့"

ဒါချောင်မြို့သို့ ထရပ်ကားများ ရောက်လာသောအခါ အုတ်အော် သောင်းတင်း ဖြစ်ကုန်ကြ သည် ။ မြို့တော်ဝန်က ဂျနီဗာစည်းဝေးပွဲ သ ဘောတူညီချက်ကို ရည်ညွှန်းသော စကားများ ဖြင့် ကန့်ကွက်သည် ။ ဗို လ်ချုပ်ကြီး ဘက်ဂယ်လ်မင်းက ၎င်းအား 'ဗိုလ်ချုပ်ကြီး'သည် အလွန် ရ က်စက်သူ ဖြစ်ပြီး စိတ်ဆိုးလျှင် တစ်မြို့ လုံးကိုကြေမွအောင် ဖျက်ဆီး ပစ်လိမ့်မည်ဟု ပြောပြသည် ။ ဒါတင်မကသေး၊ မြို့သား ယောက်ျား အားလုံးကို မြို့လယ်ကောင်ကွက်လပ်၌ စက်သေနတ်နှင့် ပစ်သတ်ပြီး မြို့တော်ဝန်ကို ကြိုးဆွဲချ သတ်ဦးမည်။ အေကရွန်မြို့ မှ ရှေ့နေတစ်ဦး ၏ သားဖြစ်သူ ဘက်ဂယ်မင်သည် ဗိုလ်ချုပ်ကြီး တကယ်မပြောသော စ ကားများ ဖြင့် ရော၍ ခြိမ်းခြောက်လိုက်ရာ အောင်မြင်သွား၏။

ထိုနေ့ခင်းတစ်ခုလုံးနှင့် ညမိုးချုပ်အထိ ထရပ်ကားများ သည် ဒါ

ချောင်မြို့နှင့် အကျဉ်းစခန်းတို့ အကြား ခေါက်တုံ့ခေါက်ပြန် သွားနေကြသည် ။ နောက်နေ့မနက် နေထွက်သည် နှင့် ဆက်လက်လှုပ်ရှားကြရပြန်၏။

ထိုနေ့ခင်း နောက်ဆုံးတစ်သုတ် မြို့သူမြို့သားများ ထရပ်ကားနှင့်ရောက် လာပြီး ဓာတ်ငွေ့ခန်းကြီးကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြစဉ် အာဘိုလီနို၏ သံချပ်ကာကားတပ်ဖွဲ့သည် ရှေ့ဆက်ချီတက်ရန် အမိန့်များ ရရှိကြရမည်တဲ့ ။

အရှေ့ဘက်ဒေသသို့ အမြန်ဆုံး ချီတက်ကြရမည်တဲ့ ။

ရန်သူအင်အား အကြွင်းအကျန်ကို ဆက်လက်တိုက်ခိုက်ပြီး ချက်ကိုစလိုဗက်ကီးယားနိုင်ငံမှ တောင် ဘက်သို့ ဖြတ်သန်းချီတက်လာကြသော ရုရှားတပ်များ နှင့် ပေါင်းဆုံကြရမည်။ ရုရှားတို့ သည် မီးလောင်ကျွမ်း နေသော ဘာလင်မြို့တော်ကြီးကို သိမ်းပိုက်ပြီးပြီးဟု ဗိုလ်ကြီးမက်အင်နာနေက အာဘိုလီနိုအား ပြောပြသည် ။

"ဟစ်တလာ သေပြီလို့ ပြောနေကြတယ်"

အင်နာနေက ပြော၏။

"သိပ်ကောင်း"

"မင်း ဘာမှ အရေးမထားပါကလား"

အာဘိုလီနိုက ပခုံးတွန့်ပြပြီး စတာ့ခ်အား သံချပ်ကာကားပေါ် ပြန်တက်ခိုင်းသည် ။

"ကျွန်တော် ဟောဒီကောင်လေးကိုပဲ ဂရုစိုက်တယ်"

သူက အနီးရှိ ကောင်လေးဆီ မေးထိုးပြသည် ။

"သူနဲ့ ဟစ်တလာနဲ့ ဘာဆိုင်လဲ။ ဟစ်တလာ သေပြီ။ မင်းတို့ အဲဒါ ဘာလို့ အရေးမစိုက်လဲ"

အင်နာနေက စိတ်မရှည်စွာဖြင့် မေးသည် ။

ကော့တ်လာသည် ဆီးသွားပြီးနောက် ဘောင်းဘီဇစ်ကို ဆွဲတင်နေသည် ။

"ဟစ်တလာကို သေးနဲ့ ပန်းတာ အကောင်းဆုံးပဲ"

"သူ့ အုတ်ဂူပေါ် သွားပန်းကွာ"

ဂူဘာကလည်း ပြုံးရွှင်စွာထောက်ခံသည် ။

သူတို့ နှစ်ယောက် သံချပ်ကာကားထဲ ဝင်သွားကြသည် ။ ကောင်လေးသည် ဘာဘိုလီနိုနှင့် လက်မအ နည်းငယ်အမျှအကွာသို့ ကပ်လာသည် ။ အာဘိုလီနိုသည် ဘာကြောင့် မှန်းမသိဘဲ ချာတိတ်လေး၏ လက်တစ် ဖက်ကို ဆုပ်ကိုင်လိုက်သည် ။

"ဒီစစ်ကြီးက တစ်ရက်နှစ်ရက်အတွင်း ပြီးတော့မှာ ပဲကွ"

မက်အင်နာနေက ဒေါနှင့် မောနှင့် ပြောသည် ။

"ဘာစစ်ပွဲလဲ"

ကော့တ်လာ မေးသည် ။

အက်တ်ကင်းစ်သည် စာအုပ်ကလေး တစ်အုပ်နှင့် ကာဘိုင်သေနတ်တို့ ကို လက်တစ်ဖက်စီ၌ ကိုင်ကာ ရှာမင်သံချပ်ကာကားကြီးဆီ ခပ်သုတ်သုတ် ပြေးလာသည် ။ သူက သားရေကတ္တူဖုံး စာအုပ်ကို ဝှေ့ယမ်းပြပြီး ကောင်လေးကို လှမ်းကြည့်သည် ။

"သူက ဂျူးလူမျိုးမဟုတ်လား ဆရာ"

"အေး ဟုတ်မှာ ပေါ့"

"ဒီစာအုပ်က ကျွန်တော့်ရဲ့ သမ္မာကျမ်းစာအုပ်ပါ။ ခရစ်ယာန်ကျမ်းစာပေါ့။ အင်္ဂလိပ်ဘာသာနဲ့ ပုံနှိပ် ထားတယ်။ သူ့ကို ကျွန်တော် ဒီစာအုပ် ပေးချင်တယ်"

"ပေးလိုက်ပေါ့။ ဟော့ မင်းမှာ စီးကရက်ရှိလား"

"ကျွန်တော် စီးကရက် မသောက်တတ်ဘူးဆရာ၊ ဂူဘာနဲ့ စတပ်ခ်တို့မှာ တော့ ရှိလိမ့်မယ်"

"စီးကရက်ဗူး ရှိသမျှအားလုံး ငါလိုချင်တယ်။ ဒီကောင်လေးကို ပေးမလို့ "

မက်အင်နာနေ မျက်မှောင်ကြုတ်သွား၏။ အံ့အားသင့်သွားသည် ။

"ခင်ဗျား ဒီသုံးနှစ် သားကလေးကို ဘာလို့ စီးကရက်တွေ ပေးမှာ လဲ "

"စီးကရက်ဗူးတွေနဲ့ အစားအသောက် သကြားလုံး၊ ဖိနပ်တွေဝယ်လို့ ရတယ်။ ခင်ဗျား ဂျာမန်စကား တတ်သားပဲ။ သူ့ကို ပြောပြလိုက်ချေ"

အက်တ်ကင်းစ်သည် ‘ကုလားအုတ်’စီးကရက် ခုနစ်ဗူးနှင့် ချက်စ်တာဖီးလေးဗူး ယူ၍ ပြန်လာသည် ။

"ဒီဟာတွေကို ဂျာမန်အရပ်သားတွေကို ပေးခွင့်မရှိဘူး ဆိုတာသိတယ် မဟုတ်လား"

မက်အင်နာနေက မေးသည် ။

"ကျွန်တော့်ကို ခင်ဗျား တားချင်လို့ လား"

"ဟင့်အင်း"

မက်အင်နာနေသည် ကောင်လေးကို စီးကရက်များ ပေးပြီး ဂျာမန်လိုစကားပြောကာ သူ့ကိုယ်ပိုင် စီး ကရက်ဗူးကိုပါ ရောထည့်ပေးလိုက်သည် ။

"ကျုပ် လူညစ် မဟုတ်ပါဘူး"

"ကျွန်တော်ကလည်း အဲသလို မယူဆပါဘူး၊ ကျေးဇူးပဲ မက်"

အင်နာနေသည် အနည်းငယ်ပြုံးပြပြီး စီးကရက်တစ်ဗူး ထပ်မံထုတ်ယူသွားသည် ။

"ကျုပ်က စီးကရက် သိပ်သောက်တဲ့ ကောင်"

အာဘိုလီနိုက ကောင်လေးခေါင်းကို ပုတ်လိုက်သည် ။

"ကျွန်တော်တို့ သွားရတော့မယ်လို့ ခင်ဗျား သူ့ကိုပြောပြလိုက်ပါ။ ကျွန်တော်တို့ က စစ်သားတွေပါ။ စစ်သားဆိုတာ အမိန့်ကိုလိုက်နာရတယ်။ ခု ဒီကထွက်ခွာဖို့ အမိန့်ရထားပြီလေ"

အင်နာနေက ဘာသာပြန်ပြောလိုက်ရာ ကောင်လေးခေါင်းညိတ်၏။

"သူ စကားမပြောတတ်ဘူးလား"

မင်အင်နာနေက မေးသည် ။

"သူ့နာမည်က 'အန့်စ်'တဲ့ ။ သူ ကျွန်တော်တို့ ကို ဒါပဲပြောပြထားတယ်"

မျက်နှာညှိုးငယ်နေသော ကောင်လေးသည် အာဘိုလီနိုအား လက်ဆွဲနှုတ်ဆက်သည် ။

"သူ့ကို ကြည့်ထားလိုက်ပါ မက်"

"စိတ်ချပါ"

အာဘိုလီနိုသည် သံချပ်ကာ ကားပေါ်တက်ပြီး သူ၏ ဝင်ပေါက်မှ ခြေထောက်တွဲလောင်း ချလိုက်စဉ် သတိရသဖြင့် သမ္မာကျမ်းစာအုပ်ကို မက်အင်နာနေထံ ပစ်ပေးလိုက်သည် ။

"သူ့ဆန္ဒရှိရင် အင်္ဂလိပ်စာ တတ်တဲ့ အခါ ဖတ်ကြည့်ပါစေဗျာ"

ကော့တ်လာသည် သံချပ်ကာကားစက်ကို နှိုးလိုက်သည် ။ ထို့ကြောင့် အာဘိုလီနိုသည် အင်နာနနေ၏ စကားကို ကောင်းစွာမကြား လိုက်ရ။

"ဘာလဲ"

"သူ့အဖို့ အဆင်ပြေသွားမှာ ပါ။ ကယ်ဆယ်ရေးတပ်ဖွဲ့တွေ နောက် တစ်ပတ်၊ နှစ်ပတ်အတွင်း ရောက် လာကြလိမ့်မယ်"

သံချပ်ကာကား စတင်ရွေ့လျားပြီ။

"တစ်ယောက်ယောက်ကတော့ သူ့ကို တာဝန်ယူ စောင့်ရှောက်ထား လိမ့်မယ်"

မက်အင်နာနေက အော်ပြောလိုက်သည် ။

အခြားရှာမင်သံချပ်ကာ ကားများ သည် တန်းစီ၍ နောက်က ဆက်တိုက် လိုက်ပါ လာကြသည် ။ နာဇီအ ကျဉ်းစခန်းကို ကျောခိုင်း၍ အရှေ့အရပ်သို့ ဦးတည် သွားကြသည် ။

နောက်ဆုံး ဆယ့်ငါးမိနစ်အကြာတွင် အာဘိုလီနိုသည် ကောင်လေး အကြောင်းကို စဉ်းစားနေစဉ် ကောင်းကင်မှ ဖြတ်သန်းလာသော ပီ-၄၇ ဖုံးကြဲ လေယာဉ်ကြီး လေးစင်း၏ အသံများကြား၍ မော့ကြည့်လိုက် မိ သည် ။

"အင်း ဒီတစ်ခါတော့ ကိုယ်တော်ချောတွေ အချိန်မှန်ကြသားပဲ"

ကောင်လေးကို တစ်စုံတစ်ယောက်ကတော့ စောင့်ရှောက်ထားကောင်းပါရဲ့ လေ။

***

# အခန်း(၃)

သူ့ကို တစ်ယောက်ယောက်ကတော့ တာဝန်ယူ စောင့်ရှောက်ထား ပေးသည် ။

ပထမဦးဆုံး အမေရိကန်ကြည်းတပ်က တာဝန်ယူလိုက်သည် ။

အမေရိကန် တပ်မတော်အားလည်းကောင်း၊ အမေရိကန်နှင့် ပတ်သက်သမျှကိုလည်းကောင်း လူတကာ ပြစ်တင် ရှုတ်ချခြင်းမပြုမီ ကာလကဖြစ်သည် ။ 'အန့်စ်'အမည်ရှိ သုံးနှစ်အရွယ် ကောင်လေးအပါအဝင် နာဇီ အကျဉ်းစခန်းမှ မသေဘဲ ကျန်ရစ်သူ ထောင်ပေါင်းများ စွာအား အမေရိကန်စစ်တပ်များက ကယ်တင်ခဲ့ပြီး စား ဝတ်နေရေးအားလုံးကို စီစဉ်ပေးခဲ့သည် ။

ဥရောပမှ စစ်ကြီးပြီးသွားပြီမို့ အားလုံးပျော်ရွှင်ကြရသည် ။

ပျော်ရှင်မှုနှင့် အံ့သြတုန်လှုပ်မှုတို့ ရောထွေးလာသည် ။

၎င်းအကျဉ်းစခန်းများ ၌ အစုလိုက်အပြုံလိုက် လူသတ်မှုများမှာ များ ပြားလွန်း၊ ရက်စက်လွန်း၍ ကြား ရသူတိုင်း မယုံနိုင်ဖွယ်ဖြစ်ရ၏။ ဂျူးလူမျိုးငါးသန်းနှင့် အတူ ရုရှားနှင့် အခြားဥရောပနိုင်ငံသားများ အပါအဝင် စုစုပေါင်း လူခုနှစ်သန်းခန့်ကို ဟစ်တလာ၏ တတိယ မဟာနိုင်ငံတော်ကြီးက သတ်ပစ်ခဲ့သည် ။ နာဇီအကျဉ်း စခန်းများ နှင့် ပတ်သက်သော မှတ်တမ်းတင် ရုပ်ရှင်ကားများကို တစ်ကမ္ဘာလုံးအနှံ့အပြား ပြသ

ရာ မြင်ရသူအားလုံးမှာ မျက်တောင် ပုတ်ခတ်ပုတ်ခတ် ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြရသည် ။ အလွန်ယဉ်ကျေးလှသော အထက်တန်း ကျသော ဂျာမန်လူမျိုးများ သည် အဘယ်ကြောင့် များ ဤသို့ ပြုမူခဲ့ကြသည် ကို မတွေးတတ်အောင် ဖြစ်ရလေသည် ။

အစီရင်ခံစာများ ၊ သတင်းမှတ်တမ်းများ အားလုံးက ဤသို့ပင်ဖော်ပြကြသည် မဟုတ်လား။

ဂျာမန်လူမျိုး အများ အပြားသည် မိမိတို့ အစိုးရ ဘာတွေလုပ်နေမှန်း မသိခဲ့ကြပေ။ သိသူ အနည်းငယ်တော့ရှိ၏။ ထိုလူအချို့သည် လူသတ်စက်ရုံများ ဖန်တီးရာတွင် ပါဝင်ကူညီ ပံ့ပိုးခဲ့ကြသူများ ဖြစ်သည် ။ ထိုအချက်ကို အတ္တလန်တိတ် သမုဒ္ဒရာ၏ တစ်ဖက်စီရှိ အမေရိကန်နှင့် ဥရောပတိုက်တို့ တွင် လက်ခံယုံကြည်ဖို့ အချိန်အတော်ယူခဲ့ရ၏။

နောက်ဆုံးတော့ လက်ခံလိုက်ကြသည် ။

ပျော့ရွှင်ကြည်နူးမှု၊ အံ့သြတုန်လှုပ်မှုနှင့် အမျက်ဒေါသဖြစ်မှု။

ဖက်ဆစ်ဝါဒကို တိုက်ခိုက်ရန် လက်တွဲကြသော နိုင်ငံများ ၏ ထောက်လှမ်းရေး အဖွဲ့အစည်းများ သည် လုပ်ငန်း စတင်လျက် ရှိကြလေပြီ။

ဗြိတိသျှ၊ ရုရှား၊ အမေရိကန်၊ ပြင်သစ်၊ ပိုလန်၊ ဒတ်(ချ်)၊ ကနေဒါ၊ နော်ဝေနှင့် ယူဂိုဆလပ်(ဗ်)နှင့် အခြားနိုင်ငံများမှ ကျွမ်းကျင် ထက်မြက်သောသူများ သည် လပေါင်းများ စွာပင် "အမဲလိုက်ခြင်း"အလုပ် လုပ်ကိုင်နေကြပြီး ရှာဖွေနေကြပြီ။

ထိုသို့လုပ်ကိုခြင်းအား အစိုးရလုံခြုံရေး အေဂျင်စီများ နှင့် တန်ပြန်ထောက်လှမ်းရေး အဖွဲ့အစည်းက ဂုဏ်သရေရှိ ပြည်သူလူထုအား နေရထိုင်ရခက်အောင် ခြိမ်းခြောက်နေသည် ဟု မကြာခဏ လက်ညှိုးထိုး

အပြစ် တင်ပြောဆိုခံရခြင်း၊ ဝေဖန်ရှုတ်ချခံရခြင်းများ မပေါ်ပေါက် လာမီက ဖြစ်လေသည် ။

သို့တစေ မိမိတို့ သည် မှန်ကန်သောအလုပ်ကို လုပ်သည် ဟု ယူဆထားသော မဟာမိတ် ထောက်လှမ်း ရေး တပ်ဖွဲ့ဝင်များ သည် စစ်ရာဇဝတ်ကောင်များအား ဆက်လက်ခြေရာခံလိုက်လျက် ရှိကြလေသည် ။

အမေရိကန် ရုပ်မြင်သံကြား အစီအစဉ်များ တွင် ရဲတပ်ဖွဲ့ဝင်များက ထိုလူများအား မည်သို့ ခေါ်ဝေါ်ပါ သနည်း။

"ကျူးလွန်သူများ "ဟု ခေါ်ကြ၏။

သူတို့ သည် ၁၉၃၉ ခုနှစ်နှင့် ဘာလင်ဘန်ကာထဲ၌ ဟစ်တလာ သေဆုံးချိန်အကြား နှစ်ကာလအတွင်း လူပေါင်းများ စွာကို သတ်ဖြတ်ခဲ့ကြသည့် "ကျူးလွန်သူ" စစ်ရာဇဝတ် ကောင်များအား လိုက်ရှာဖွေ နေကြလေသည် ။ ထိပ်တန်း နာဇီစစ်ဗိုလ်ကြီးများကို ရှာဖွေ ဖမ်းဆီးရခြင်းမှာ လွယ်ကူ၏။ ဂိုရင်းနှင့် ဂိုဘယ်လ်စ်တို့ သေကြောင်း ကြံစည်သွားကြ၏။ အခြား ထင်ရှားသူ ရာဇဝတ်ကောင်များ ကိုလည်း ဖမ်းရန် သိပ်မခက်လှပေ။

ဖမ်းဆီးရမိသော "ကျူးလွန်သူ" ယောကျ်ား၊ မိန်းမအတော်များများက မိမိတို့ တွင် အပြစ်မရှိပါ။ အထက်အမိန့်အတိုင်း ဆောင်ရွက်ရခြင်း ဖြစ်သည် ဟု ခုခံကာကွယ်ပြောဆိုကြသည် ။ မိမိသည် မရဏအကျဉ်းစခန်းများ နှင့် လူသတ်စက် ယန္တရားကြီးတို့ ကို ကိုင်တွယ်မောင်းနှင် ပေးခဲ့သည် မှန်သော်လည်း မိမိတို့ သည် လက်အောက်ငယ်သား များ သာ ဖြစ်ပါသည် ။ မိမိတို့ ထက် ဘုန်းတန်ခိုး ဩဇာ အာဏာကြီးမားသော အထက်လူကြီးများ ၏ အမိန့်ကို လိုက်နာလုပ်ဆောင်ရခြင်း ဖြစ်သည် ။ မိမိတို့ က မူဝါဒချမှတ်ခြင်း မပြုခဲ့ပါဟု ဆိုကြ၏။

ဤစကားမျိုးပြောသူကား မနည်းလှပေ။ သူတို့ ပြောပုံအရဆိုလျှင် တတိယ မဟာ နိုင်ငံတော်ကြီးသည် လူပုကလေးများ နှင့် ပြည့်တန်ဆာမများ ဖြင့်သာ ပြည့်လျှံနေသော နိုင်ငံ တစ်နိုင်ငံနှယ် ဖြစ်ရလေမည်။

သို့တစေ မုဆိုးတို့ သည် ဆက်လက်အမဲလိုက်နေကြသည် ။ သားကောင်များကို ခြေရာခံလျက်ရှိကြသည် ။ စစ်ရာဇဝတ်မှုများကို ရုံးတင်စစ်ဆေးရန် ကြိုတင်စီစဉ်မှုများ စတင်နေလေပြီ။

ကမ္ဘာ၏ အခြားတစ်ဖက်ခြမ်းတွင် ဂျပန်များကို တိုက်ခိုက်နေရဆဲ။ အမေရိကန် လေတပ်မတော်၏ အင်အားကို ခုခံကာကွယ် နိုင်စွမ်းမရှိကြောင်း သိလာရသော ဂျပန်နိုင်ငံ ခေါင်းဆောင်များ သည် အရှေ့နေမဝင် နိုင်ငံတော်၏ သာလွန်သော အသိဉာဏ်စဉ်ကြီးကို စွန့်လွှတ်လိုက်ရသည့် တိုင် မျှော်လင့်ချက်မရှိဘဲ တွန်းလှန်ပုန် ကန် တိုက်ခိုက်နေကြဆဲရှိ၏။ သူတို့ သည် ဟီရိုရှီးမားနှင့် နာဂါဆာကီ၌ အဏုမြူပုံးနှစ်လုံးသည် အားလုံးထက် တန်ခိုးရှိ၏။ အထူးသဖြင့် ဆုတံဆိပ်များ စွာ ရင်ဘတ်ပေါ် ချိတ်ထားကြသော တစ်ယူသန် အဘိုးအို စစ်ဗိုလ်ကြီး များ ထက် အာဏာပိုရှိကြောင်း ဂျပန်တို့ တွေ့ရှိ လာလေသည် ။

အာဘိုလီနို၊ စတာ့(ခ်)၊ ဂူဘာ၊ ကော့တ်လာနှင့် ဂျက်ဖရီဂျက်ဖ်အက်တ်ကင်းစ်တို့ သည် ၎င်းတို့ ၏ သံချပ်ကာကားကြီးနှင့် အတူ ဘာဗေးရီးယားအရှေ့ပိုင်းရှိ ဂေါ့တက်ဇီးလ်အမည်ရှိ မြို့နယ်လေး တစ်မြို့ကို သိမ်းပိုက်ရာ၌ အလုပ်ရှုပ်လျက်ရှိနေသည် ။ ထိုမြို့လေးသည် သာယာအေးချမ်းပြီး စစ်ဒဏ်ကြောင့် ပျက်စီးမှုနည်းပါး သော မြို့ငယ်လေးဖြစ်သည် ။ တစ်မြို့လုံးမှ နာဇီနှစ်ယောက် သုံးယောက်သာရှိသဖြင့် ပိုစိတ်ဝင်စားစရာ ကောင်း လှ၏။ တစ်ယောက်က အမေရိကန်များ ၊ ချော့ကလက်နှင့် အခြား စားကောင်းသောက်ဖွယ်ရာများ ဖြင့် မရောက် လာ

မီကပင် သွေးထွက်သံယိုဖြစ်ကာ သေဆုံးသွားသည် ။ ‘အော်တို’ဆိုသူ ဖြစ်သည် ။ ဤအကြောင်းကို အာဘို လီနိုတို့ တစ်စုအား ဂေါ့တက်ဇီးလ် မြို့သူလေးတစ်ဦးက အိပ်ရာထဲ၌ ပြောပြ၍ သိရခြင်းဖြစ်သည် ။ ဂျက်ဖရီ ဂျက်ဖ်တစ်ယောက်မှ အပ အာဘိုလီနို၏ တပည့်စစ်သားအားလုံး ဂေါ့တက်ဇီးလ် မြို့သူများ နှင့် ပျော်ပါးနေကြသည် မှာ ၎င်းတို့ အိမ်ပြန်ခွင့် ရချိန်အထိဖြစ်သည် ။ နိုဝင်ဘာလ၌ အမေရိကန်စစ်သားများ ထွက်ခွာကြသောအခါ ဂေါ့တက်ဇီးလ်မြို့ မိန်းမပျိုလေးများအားလုံး ဝမ်းနည်းလျက်ရှိလေသည် ။

ဒီဇင်ဘာလတွင် ဗိုလ်ချုပ်ကြီး(ပက်တွန်) ကွယ်လွန်သွားသည် ။

သူ့ဘဝ အတ္ထုပ္ပတ္တိကို ရုပ်ရှင်မင်းသားကြီး ဂျော့ချ်စီစကော့တ်နှင့် ပြောင်မြောက်ထူးခြားသော ရုပ်ရှင် တစ်ကားဖြစ်အောင် ရိုက်ကူးဖြစ်လိမ့်မည်ကို သူလုံးဝ သိခွင့်မရသွားရှာပေ။

ဗိုလ်ချုပ်ကြီးသည် သူ့အတ္ထုပ္ပတ္တိ၊ သူ၏ ဘုန်းတန်ခိုးကြီးမှု တို့ ကို ရုပ်ရှင်မရိုက်ဘဲတော့ နေမည်မဟုတ် ဟု ယုံကြည်ထား၏။ သို့သော် မင်းသားချော၊ ‘ရောဘတ်တေလာ’ကို ငှား၍ မိမိအဖြစ် သရုပ်ဆောင်ခိုင်းမှာကိုတော့ သူစိုးရိမ်နေမိခဲ့သည် ။ ထိုစဉ်က မင်းသားကြီး ဂျော့ချ်စီစကော့၏ အရည်အချင်းကို သတိမထားမိသော ဗိုလ်ချုပ်ကြီးသည် ကားမှောက်၍ မသေဆုံးမီအချိန်အထိ မင်းသားကြီးဂျွန်ဝိန်းကို မိမိအဖြစ် သရုပ်ဆောင်ခိုင်း ရန် စဉ်းစားနေခဲ့၏။

ထူးဆန်းသည် ဟု ဆိုရမည်လား မသိ။

ဗိုလ်ချုပ်ကြီး ကွယ်လွန်သော သတင်းသည် ‘အန့်စ်’အမည်ရှိ ကောင်လေး စောင့်ဆိုင်း နေသော ကယ်ဆယ်ရေး စခန်းသို့ ရောက်ရှိလာ သော်လည်း မည်သို့မျှ စိတ်တက်ကြွဖွယ်၊ တုန်လှုပ်ဖွယ်ရာ မဖြစ်လာခဲ့ပါချေ။

သူရောက်ရှိနေသော ကယ်ဆယ်ရေးစခန်းမှာ ‘ယူအင်န်အာရ်အာရ် အေ’ခေါ် ကမ္ဘာ့ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် ပြန်လည်ပျိုးထောင်ရေး အေဂျင်စီ၏ အခန်းတစ်ခုဖြစ်သည် ။ လူသတ်စက်ရုံများမှ လွတ်မြောက် လာသူ ထောင် ပေါင်းများ စွာအား ခေတ္တထားရှိရာ နေရာဖြစ်သည် ။ သူ တို့ အားလုံးကို ‘ဒီပီ’များ ဟု ခေါ်သည် ။ ‘ဒီပီ’ဆိုသည် မှာ ‘နေရာ မှားယွင်း ရောက်ရှိနေသောလူ’ ဖြစ်ကြောင်းကို အန့်စ်ပြောပြတတ်သည် ။ သူသည် တခြားသက်တူ ရွယ်တူ ကလေးများ ထက် ဉာဏ်ကောင်းသူ ဖြစ်သည် ။ သူ့အသက်၊ သူ့မှတ်ပုံတင်နံပါတ်တို့ ကို ပြောပြတတ် သည် ။ သူ့လက်မောင်းပေါ် ရေးထိုးခြင်းခံရသော နံပါတ်ကို သူအလွတ်ကျက် မှတ်ထားပြီး ဖြစ်၏။

ဂျူးလူမျိုး၊ လူမှုဝန်ထမ်း အဖွဲ့ငယ်တစ်ခုနှင့် ဆက်သွယ်ထားသော လူမှုဝန်ထမ်း အဖွဲ့သားတစ်ဦးသည် ထိုနံပါတ်ကြောင့် အန့်စ်အား မည် သူမည်ဝါမှန်း သိရှိသွားလေသည် ။ အလွန်စေ့စပ်တိကျသော နာဇီများ က ဘာ လင်တွင် သိမ်းဆည်းထားရှိသော နာဇီအကျဉ်းစခန်းမှ အကျဉ်း သားများ ၏ နံပါတ်များ နှင့် မှတ်တမ်းများ အရ ကောင်လေး၏ နာမည် အပြည့်အစုံမှာ အန့်စ်တယ်လာဖြစ်ပြီး သူ့ဖခင်မှာ ဓာတုဗေဒပညာရှင် တစ်ဦး ဖြစ် ကြောင်း သိလာရ၏။ ထို့ကြောင့် ယခု အန့်စ်တယ်လာအား မွေးထားမည့် အသက်မသေဘဲ ကျန်ရစ်သူ ဆွေမျိုး ဉာတိ တစ်ဦးဦး သို့ မဟုတ် မိသားစု ရှိမရှိကို ထပ်မံစုံစမ်း ရှာဖွေပေးကြရဦးမည်။

အန့်စ်၏ မိဘနှစ်ပါး ကွယ်လွန်သွားပြီ။

နှစ်ဖက်လုံးမှ အဘိုးအဘွားများ လည်း ကွယ်လွန်ပြီ။

အဒေါ်သုံးယောက်နှင့် ညီအစ်ကို မောင်နှမဝမ်းကွဲ ရှစ်ဦးလည်း သေ ဆုံးခဲ့ပြီ။

အန်နီစ်အမည်ရှိ ကောင်လေးသည် လူမမည် ဘဝတစ်လျှောက်လုံး ကယ်ဆယ်ရေးစခန်းတစ်ခု သို့ မဟုတ် အစိုးရဂေဟာ တစ်ခုခုတွင် ဆက်လက်ကြီးပြင်း လာရဖွယ်ရှိ၏။

ဒါချောင် အကျဉ်းစခန်းကို အမေရိကန် သံချပ်ကာတပ်ကြီး ဝင်ရောက်သိမ်းပိုက်ပြီး ဆယ့်လေးလ အကြာ၊ ဇွန်လ နောက်ဆုံးပတ်တွင် မူ မမျှော်လင့်ဘဲနှင့် အမေရိကန် ပြည်ထောင်စုတွင် ရှိနေသော ဦးလေးမာတင် ထံသို့၌ သွားရမည်ဖြစ်ကြောင်း အန်နီစ်တယ်လာ သိရှိရလေသည် ။

***

# အခန်း (၄)

ဦးလေးမာတင်သည် ဖရိုဒ်ကို တစ်ခါက ကိုယ်တိုင်တွေ့ဖူးခဲ့၏။ ဟုတ်ကဲ့။ ကမ္ဘာကျော် စိတ်ပညာရှင် ကြီး ဆစ်ဂ်မန်ဒ်ဖရိုက်ဒ် ဖြစ်ပါသည် ။ ဆေးပြင်းလိပ် ခဲနေတတ်သော ဖရိုဒ် ဖြစ်ပါသည် ။

တကယ်ပါ။

ဦးလေးမာတင်သည် ၁၉၂၅ခုနှစ်က ဗီယင်နာတက္ကသိုလ်မှ ဘွဲ့ရသောအခါ တစ်တန်းလုံး၌ တတိယအ ဆင့်ရခဲ့ပြီး စိတ်သရုပ်ခွဲပညာရှင်တစ်ဦး ဖြစ်လာကြောင်း သိထားလျှင် ဤကိစ္စမှာ အဆန်းမဟုတ်နိုင်တော့ပါ။ မာတင်ဘယ်လာနှင့် သက်တူရွယ်တူ ပညာရှင်များ ထဲတွင် သူ့လောက်ပညာ အရည်အချင်း ပြည့်ဝလွန်းသည့် စိတ်သရုပ်ခွဲ ပညာရှင်မရှိပါဟု သူ၏ ရန်သူများ (သူ့ကို မနာလိုသူ၊ သူနှင့် မတည့်သူများ )ကပင် ဖွင့်ဟဝန်ခံကြရ လေသည် ။

ယခုအခါ သူသည် နယူးယောက်မြို့ ဗဟိုပန်းခြံ အနောက်ဘက်ရပ်ကွက်တွင် ကြီးမား၍ မျက်နှာကြက် မြင့်လွန်းသော တိုက်ခန်းကြီး၌ နေထိုင်သည် ။ သူ၏ ဗိုက်က ခပ်စူစူကလေးဖြစ်ပြီး သူ၏ ဂုဏ်ဒြပ်နှင့် လိုက်ဖက် သော ဆံပင်ဖြူများ တစ်ခေါင်းလုံးပြည့်နေ၏။ သူ၏ ဇနီးသည် ဂရီတာနှင့် လုပ်ဖော်ကိုင်ဖက်များက ကြည်ညို လေးစားကြပြီး သူ့လက်ထဲတွင် သူ၏ လူနာများ ထံမှ ရရှိသော ငွေတစ်ပုံတစ်ခေါင်းကြီး ရှိ

လေသည် ။

သူသည် အယောင်ဆောင်သမား မဟုတ်ချေ။ သူသည် ကိုယ်လုံးတုတ်ခိုင်ပြီး သူ၏ ဩစတြီးယား ဇာတိစကားသံဝဲမှုကို သူ၏ ဂုဏ်ထူးဆောင် ဆုတံဆိပ်နှယ် လက်ကိုင်ပြုထား သူ ဖြစ်၏။ သူသည် စိတ်ရောဂါ ကုသမှုပညာရပ်တွင် ဘဝကို မြှုပ်နှံထားပြီး ၁၉၃၈ခုနှစ်ကတည်းက မန်ဟက်တန်မြို့တစ်ဝိုက်တွင် အခြေချနေ ထိုင်ကာ လူအတော်များများကို ကူညီခဲ့လေသည် ။ သူသည် အခြား စိတ်ပညာရှင်ကြီးများ ၏ တပည့်နောက် လိုက်များ နှင့် ဘယ်တော့မှ အငြင်းအခုံမလုပ်။ ဖရိုက်ဒ်၏ သီဝရီကိုမူ စိုးစဉ်းမျှ သံသယ မဖြစ်တတ်ပေ။

ကွယ်လွန်သူ မဟာဉာဏ်ကြီးရှင် ဆစ်ဂ်မန်ဒ်ဖရိုက်ဒ်၏ သီဝရီများ နှင့် ပတ်သက်၍ ပညာယူစရာတွေ အများကြီးရှိသေးသည် ။ မာတင်ဘယ်လာသည် အားလုံးကို သိထား၏။

သူ့ဇနီးသည် လည်း နလပိန်းတုံး တစ်ယောက်မဟုတ်။ သူမသည် ဘီသိုဗင်၊ မိုဇက်၊ ဘရမ်း၊ မာလာနှင့် အင်ပရက်ရှင်နစ် ခေတ်လွန်ပန်းချီ အကြောင်း မသိသော်လည်း ဟင်းချက်ကောင်းသူ ဖြစ်သည် ။ စတော့ခ်ရှယ် ယာဈေးကွက်နှင့် အိမ်ခြံမြေ အရောင်းအဝယ် ဈေးကွက်ကို မျက်ခြည်မပြတ်သူ ဖြစ်သည် ။ မိသားစု ရင်းနှီးမြှုပ်နှံ မှုများကို သူမကပင်ဆောင်ရွက်သည် ။ ဘယ်လာဇနီးမောင်နှံသည် အလွန်သိမ်မွေ့ယဉ်ကျေးသော ရိုးသားသ ဘောကောင်းသူများ ဖြစ်ကြသလို သူတို့ ၏ သမီးလေး အင်နာလည်း ထို့အတူ ဖြစ်၏။

အင်နာသည် အသက် ၁၀နှစ်အရွယ်ရှိ ချစ်စဖွယ်ဆံပင်နှင့် တောက်ပသော မျက်လုံးပိုင်ရှင် ကလေးမ လေးဖြစ်သည် ။ သူမသည် မျက်မှန်တပ်ထားရသူလည်း ဖြစ်၏။

သူတို့ အားလုံးက အာနက်စ်အား သိမ်မွေ့စွာဖြင့် လက်ကမ်း ကြိုဆို ခဲ့ကြသည် ။

ဘယ်လာ ဇနီးမောင်နှံသည် ကောင်လေးအား စိတ်ရောကိုယ်ပါ ကြင်နာ နှစ်သက်မှုကို ပေးစွမ်းကြလေသည် ။ အင်နာကလည်း သူမ၏ မောင်လေးတစ်ယောက်နှယ် ချစ်၏။ အာနက်စ်သည် ပျော်ရွှင်နေသော ဉာဏ်ထက်သော လူငယ်လေး တစ်ယောက်ဖြစ်ပြီး အပေါင်းအဖော်နှင့် လည်း နေတတ်သူဖြစ်သည် ။ သူသည် အစစ အရာရာကို လျင်မြန်စွာ လေ့လာတတ်မြောက်သူ ဖြစ်သည် ။

"သူဟာ ဘယ်လာမျိုးနွယ် တစ်ယောက်ဆိုတာ သေချာတယ်’

ဇွန်လ၏ တစ်ခုသော သောကြာနေ့ နေ့ခင်း၌ ‘ဖိုင်းယားအိုင်း လင်း’သို့ သီတင်းပတ်သုံးရက် အပန်းဖြေ ခရီးထွက်ရန် ထုပ်ပိုးနေကြ စဉ် ဂရီတာက အထက်ပါအတိုင်း မှတ်ချက်ချသည် ။

"သူ ဦးနှောက်ကောင်းတယ်"

မာတင်ဘယ်လာက ပြောသည် ။

"ကောင်းရုံတင် ဘယ်ကမလဲ၊ သူဟာ ထူးချွန်မယ့် လူငယ်လေးပဲ၊ မာတင်၊ အင်္ဂလိပ်ဘာသာကို ခုနစ်လအတွင်း တတ်မြောက်ခဲ့ပြီ။ ခုဆို ဆယ်နှစ်သား တစ်ယောက်လောက် ဝေါဟာရတွေကြွယ်နေပြီ။ ခုမှ သူ့အသက် ခြောက်နှစ်ရှိ သေးတယ် မဟုတ်လား"

"အေး ငါသိပါတယ် ဂရီတာ၊ ဒါပေမဲ့ သူ့ကို အတင်းအကျပ် ရိုက်သင်လို့ တော့ မဖြစ်ဘူး။ သူ့စိတ်ပင်ပန်း ဆင်းရဲခဲ့တာ မနည်းဘူး မဟုတ်လား"

ဂရီတာသည် ထုပ်ပိုးသိမ်းဆည်းရာမှ ခဏရပ်လိုက်သည် ။

"ဘာဖြစ်လို့ လဲ မာတင်၊ ဘာချွတ်ယွင်းနေသလဲ။ သူ့ကြည့်ရတာ အကောင်းပကတိပဲ"

"ဟုတ်ပါတယ်၊ သူ ကောင်းနေပါပြီ၊ ခုတော့ ဘာမှ အမှားအယွင်း မတွေ့သေးဘူး။ ဒါပေမဲ့ နောင်တစ်ချိန်တော့ ဖြစ်လာနိုင်တယ်၊ တကယ်ဖြစ်မယ်လို့ တော့ ငါကြိုတင် ဟောကိန်းမထုတ်ချင်ဘူး၊ ဒါပေမဲ့"

"အင်း ဖြစ်ချင်ဖြစ်လာမယ်ပေါ့၊ ကျွန်မ နားလည်ပါတယ်၊ ကျွန်မတို့တွေ သူ့ကို အကျဉ်းစခန်းနဲ့ ပတ်သက်သမျှ အားလုံးမေ့ပျောက်သွားအောင် ကူညီဆောင်ရွက်ပေးသင့်တယ်"

ဒေါက်တာ ဘယ်လာ ခေါင်းညိတ်ပြပြီး ပခုံးတွန့်လိုက်သည် ။

"သိပ်တော့ မလွယ်ဘူး ဂရီတာရယ်"

"သူ့အကြောင်း တစ်ခါမှ မပြောဘူး"

ဒေါက်တာဘယ်လာက ခေါင်းညိတ်ပြပြန်သည် ။

"ခုချိန်မှာ တော့ သူတမင်တကာ မပြောဘဲနေတာ ဖြစ်မှာ ပဲ စောင့်ကြည့်ကြတာပေါ့"

ဂရီတာသည် ထုပ်ပိုးခြင်းကို ဆက်လုပ်ပြီး အတန်ကြာသော် ရပ်လိုက်ပြန်၏။

"သူ့လက်မောင်းပေါ်က နံပါတ်ကို ဘယ့်နှယ်လုပ်မလဲ၊ ဖျက်ပစ်လို့ မရဘူးလား၊ အဲဒီနံပါတ်ကို ကြည့်မိတိုင်း ကျွန်မရင်တုန်တယ်"

"ငါလည်း မင်းလိုပါပဲ ဂရီတာရယ်"

"ဒါဆို သူဘယ်လိုခံစားရရှာမလဲ၊ တွေးကြည့်ပေါ့"

သူမက ပြောသည် ။

သူက သူမအား လက်မောင်းတစ်ဖက်ဖြင့် ဖက်ပြီး နှစ်သိမ့်လိုက်သည် ။ ထို့နောက် သူ၏ တူတော်မောင်အား ခေါ်လိုက်သည် ။

"အာနက်စ် နောက်တစ်လ နှစ်လအတွင်း မင်းကျောင်းနေရတော့မယ်"

ဘယ်လာက အန်နီစ်၏ အမေရိကန် ပို၍ ဆန်သော အမည်ကိုသုံး၍ ပြောသည် ။

"ကျွန်တော် သိပါတယ် ဦးလေး၊ ကျွန်တော်လည်း အဲဒါကို စောင့်နေတာပါ"

အာနက်သည် ပွင့်လင်းသော လူကလေးတစ်ယောက် ဖြစ်သည် ။

'မင်းလက်မောင်းပေါ်က နံပါတ်ကိုစွ ငါနဲ့ မင်းအဒေါ် ဂရီတာတို့ ဆွေးနွေးနေသေးတယ်'

ကောင်လေး၏ ပြုံးရွှင်သောမျက်နှာ စက္ကန့်ပိုင်းမျှ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားကြောင်း ဘယ်လာ သတိ ပြုမိသည် ။ ဟုတ်ချင်မှ လည်း ဟုတ်မည်။

"ဟုတ်ကဲ့ ဦးလေး"

"မင်း ကျောင်းတက်တဲ့ အခါ ကလေးတွေအားလုံးဟာ အမေရိကန်တွေချည်း ဖြစ်ကြမယ်။ သူတို့ ဟာ မင်းရဲ့ နံပါတ်ကို နားလည်မှာ မဟုတ်ဘူး ။ အဲဒါ အားကစားရုံထဲမှာ တွေ့တဲ့ အခါ တစ်မျိုးမဟုတ်တစ်မျိုး ပြောကြလိမ့်မယ်"

ကောင်လေး ပြုံးနေဆဲ။

"ကျွန်တော်လည်း အဲဒါ သိပါတယ်"

"အာနက်စ် မင်းနံပါတ်ကို မဖျက်ပစ်ချင်ဘူးလားဟင်၊ မခက်ခဲပါဘူးကွာ"

ကောင်လေး စဉ်းစားပြီးမှ ဖြေသည်။

'ဟင့်အင်း မဖျက်ဘူး ဦးလေး၊ နေပါစေ'

'မင်း မနာကျင်စေရပါဘူးကွယ်'

သူ့အဒေါ်ကလည်း ငိုချင်စိတ်ကို ချုပ်တည်း၍ ဝင်ပြောသည်။

'ကျွန်တော့်အသား အနာခံရမယ်ဆိုရင် အဒေါ်တို့ ဒီနံပါတ်ကို ဖျက်ပေးဖို့ တောင် ခုလိုအကြံပေးမှာ မဟုတ်ပါဘူး။ ကျွန်တော်သိပါတယ် အဒေါ်၊ ကျေးဇူးလည်း တင်ပါတယ်၊ နေပါစေခင်ဗျာ'

အာနက်စ်က တံခါးဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

'ဘာလဲ မင်း ဘော့စ်ဘောလ်သတင်း နားထောင်ချင်လို့ လား'

ဘယ်လာက မေးသည်။

'ဟုတ်တယ် ကျွန်တော် အင်နာရဲ့ ရေဒီယိုနဲ့ နားထောင်နေတာ'

အာနက်စ် ထွက်သွားသောအခါ ဂရီတာဘယ်လာ အသံမထွက်ဘဲ ငိုလေသည်။

၁၉၄၈ ခုနှစ် စက်တင်ဘာလ တတိယပတ်တွင် နယူးယောက်မြို့တော်၏ အကောင်းဆုံး ကျောင်းတစ် ကျောင်းတွင် အာနက်စ်ဘယ်လာသည် ပထမတန်းမှ စ၍ ပညာသင်ယူရသည်။ ထိုကျောင်းအမည်မှ 'ဒေါ်တန် ကျောင်း'ဟု ခေါ်ပြီး ပတ်ခ်ရိပ်သာလမ်းနှင့် လက်ဇင်တန် ရိပ်သာလမ်းဆုံ အကြား ၈၉လမ်းတွင် တည်ရှိသည်။ အာနက်စ်သည် သူ့အစ်မဝမ်းကွဲ အင်နာနှင့် အတူ ဘတ်စ်ကားဖြင့် နေ့စဉ်ကျောင်းတက်ရ

သည် ။ အာနက်စ်၏ ပထမဦးဆုံး ကာယလေ့ကျင့်ခန်းမှ အဖြစ်အပျက်ကို အင်နာကဘယ်လာနှင့် ဂရီတာတို့ အား ပြန်သတင်းပို့သည် ။

'တယ်ရီဂိုးလ်ဒ်က သူ့အစ်မကိုပြောတော့ သူ့အစ်မက သမီးကို ပြန်ပြောလို့ သိရတာ၊ ကောင်လေးနှစ် ယောက်က သူ့လက်မောင်းပေါ်က နံပါတ်ကို ဘာလုပ်တာလဲ မေးတော့ နံပါတ်ပေ့ါလို့ ပြောသတဲ့ ။ ဘာလို့ တပ် ထားတာလဲ ထပ်မေးတော့ ဂျာမနီမှာ တုန်းက အကျဉ်းစခန်းထဲ ရောက်ခဲ့ရလို့ လို့ ပြောသတဲ့ '

'အို ဘုရား ဘုရား'

နှစ်ပေါင်းသုံးဆယ်လုံး ဂျူးဘုရားကျောင်းသို့ မတက်ဘဲနေခဲ့သူ ဂရီတာဘယ်လာက ရေရွတ်လိုက် သည် ။

'သူတို့ က သုံ့ပန်းစခန်းလားမေးတော့ သူက ဟုတ်တယ်လို့ ဖြေတယ်။ တစ်ခါ ဘယ်လိုနေခဲ့ရသလဲဆို တော့ အင်မတန် ကြောက်စရာကောင်းတယ်လို့ သူပြောသတဲ့ '

'သူ တခြား ဘာတွေ ပြောသေးသလဲတဲ့ သမီး'

ဒေါက်တာဘယ်လာက မေးသည် ။

သူမ ခေါင်းယမ်းပြသည် ။

"ဘာမှ ထပ်မပြောဘူးတဲ့ ၊ သူ အဲဒါတွေနဲ့ ပတ်သက်လို့ လည်း ဆက်မပြောချင်တော့ဘူးဆိုပြီး ဘတ်စ် ကက်ဘော ကစားကြတယ်။ ဘတ်စ်ကက်ဘော မကစားဖူးသေးပေမယ့် အာနက်စ်ဟာ တော်ရှာတယ်လို့ ဘယ်ရီ က သူ့အစ်မကို ပြန်ပြောပြသေးတယ်

အာနက်စ်ဘယ်လာသည် နောက်၉နှစ်တိုင်တိုင် ဒေါ်တန်ကျောင်း၌ လူတော်တစ်ဦး ဖြစ်ခဲ့သည် ။ စာအတော်ဆုံး ကျောင်းသား လေးပုံတစ်ပုံ

တွင် သူအမြဲပါဝင်သည် ။ ဘတ်ကတ်ဘော ကစား ထူးချွန်သည် ။ ရှစ်တန်းတွင် ကျောင်းသားသမဂ္ဂ၌ ဒုဥက္ကဋ္ဌအဖြစ် အရွေးခံရသောအခါ၌လည်း လူချစ်လူခင် ပေါများ ခဲ့သည် ။ သူသည် အမေရိကန် လူမှုအဆောက်အအုံအတွင်းသို့ အဆင်ပြေစွာဖြင့် ရောနှော နေထိုင်တတ်လာခဲ့သည် ။ သူသည် စိတ် ထိခိုက်မှု လုံးဝရှိပုံမရပေ။ ဒါချောင် အကျဉ်းစခန်းနှင့် ပတ်သက်သော စူးစမ်း မေးမြန်းမှုများကို သူသိပ်မဖြေ ချင်ပေ။

ဂရီတာဘယ်လာသည် သူ့အား အကောင်းဆုံးပြဇာတ်နှင့် ကပွဲများကို လက်မှတ်ဝယ်ပေးပြီး သွားကြည့် ရှုစေကာ ယဉ်ကျေးမှုအနုပညာ၌ စိတ်အားထက်သန်လာအောင် ပြုလုပ်ပေးသည် ။ ထို့ပြင် ပထမတန်းစား စန္ဒရားနည်းပြဆရာ တစ်ဦးကိုလည်း ငှား၍ စန္ဒရားပညာ သင်ပေးစေသည် ။

အာနက်စ်သည် အခြားလုပ်စရာကိစ္စ မည်မျှများ ပြားစေကာမူ နေ့စဉ် နေ့လယ်ခင်းတိုင်း စန္ဒရားကို မှန် မှန်လေ့ကျင့် တီးတတ်လေ့ရှိ၏ ။

သူ့အသက် ၁၅နှစ်ပြည့် မွေးနေ့မိုင်မီ တစ်ရက်အလိုတွင် ညနေ ၃:၄၅ နာရီခန့်တွင် အာနက်စ်သည် ကျောင်းမှ အိမ်သို့ပြန်လာစဉ် စုတ်စုတ်ပြတ်ပြတ် ဝတ်ဆင်ထားကြသော ကောင်လေးများက သူ့အား လမ်းပိတ်ဟန့်တားကြလေသည် ။ သူတို့ အားလုံး သူ့ထက် ကိုယ်လုံးကြီးထွားကြပြီး နှစ်ယောက်က ဘေ့စ်ဘောရိုက်တံကြီး ကို ဝှေ့ယမ်း၍ ခြိမ်းခြောက်ရင်း အာနက်စ်၏ လက်ပတ်နာရီနှင့် ပိုက်ဆံတို့ ကို တောင်းသည် ။

ဒါချောင် အကျဉ်းစခန်းမှ လွတ်မြောက်ခဲ့သည့် ကောင်လေးသည် အချိန်ဆွဲမနေတော့ပေ။ ဤကဲ့သို့သော လုယက်သူ လူပေလူတေများ လက်ချက်ဖြင့် ဓားထိုးခံရသော ရိုက်နှက်ခံရသော သူ့သူငယ်ချင်းအချို့

၏ သတင်း ကို သူကြားဖူးနားဝရှိပြီးသား။ ယခုလုယက်သူ တောလေက လေး တစ်စုသည် လည်း ရက်စက်ကြမ်းတမ်းသည့် ကောင်လေးတွေ ဖြစ်မည်။

အာနက်စ်သည် သူ့အနီးရှိ အဖုံးပွင့်နေသော အမှိုက်ပုံးတစ်ပုံးထဲမှ တစ်ကွာတဝင် ပုလင်းတစ်လုံးကို ဆွဲ ယူပြီး တိုက်နံရံတစ်ခုနှင့် ရိုက်၍ ပုလင်းဖင်များကို ခွဲပစ်လိုက်သည် ။

လုယက်သူ လူဆိုးကလေးများ လန့်သွားသည် ။

"မင်းတို့ ကို ငါ သတ်ပစ်မယ်"

သူက အေးစက်စွာ ပြောသည် ။

"ဟော့ကောင် မင်း ရူးနေသလား"

"ငါ မင်းတို့ ကို သတ်ပစ်မယ်"

အာနက်စ် အတည်ပြောနေခြင်း ဖြစ်သည် ။

ကောင်လေးများ သူ့စကားကို ယုံကြည်ကြသည် ။

"ဒီကောင် ရူးနေပြီကွ"

လုယက်သမား ခေါင်းဆောင်က ပြောသည် ။ သူတို့ သတိကြီးစွာ ထား၍ ဆုတ်ခွာသွားကြသည် ။ သူတို့ တစ်စု မြင်ကွင်းမှ ပျောက်ကွယ် သွားသောအခါ အာနက်စ်သည် အမှိုက်ပုံးထဲသို့ ပုလင်းခွံတစ်ခုကို ပြန် ထည့်ပြီး ကျန်တစ်ခုကိုမူ သူ့အိမ်နှင့် ကိုက်နှစ်ဆယ် အကွာရောက်သည် အထိ လက်ထဲဆုပ်ကိုင်၍ လျှောက်လာခဲ့လေသည် ။

သူနေထိုင်သော တိုက်ခန်းကြီးထဲ ပြန်ဝင်လာသောအခါ အာနက်စ် သည် တံခါးစောင့်ကြီးအား နှုတ် ဆက်ပြီး ယနေ့ညနေ ဘော့စ်ဘောပွဲ၌ ‘

ယန်းကီး'အသင်းက ဘော့စတွန်အသင်းကို အနိုင်ရမည်ဟု ယုံကြည်ကြောင်း ပြောသည် ။

သူ့အခန်းအမှတ် ၁၂ အေကို သော့ဖွင့် ဝင်လိုက်သောအခါ သူ့အဒေါ်သည် ၎င်းတို့ ၏ မိတ်ဆွေဟောင်း တစ်ဦးနှင့် အတူ အနံ့ပြင်းသော ဗီယင်နာနိုင်ငံမှ ထွက်သည့် ကော်ဖီကို သောက်ရင်း စကားပြောနေကြောင်း တွေ့ ရသည် ။

"မင်္ဂလာရှိသော နေ့လယ်ခင်းပါ ဖရော်ဂက်ဖာလက်ချ်"ဟု သူက ဧည့်သည် မိန်းမကြီးအား သိမ်မွေ့စွာ နှုတ်ဆက်သည် ။

ဂရီတာက ပီတိအပြည့်ဖြင့် ပြုံးသည် ။

စက္ကန့်ကိုးဆယ်အကြာတွင် အဘွားကြီးနှစ်ယောက်သည် အာနက်စ် ၏ စန္ဒရားသံကို ကြားရလေသည် ။

"သူ့လက်သံ ကောင်းသားပဲ"

ဖရော်ဂက်ဖာလက်ချ်က မှတ်ချက်ချသည် ။

"အာနက်စ်ဟာ လူတော်လူကောင်း လေးတစ်ယောက်ပဲရှင့်"

ဂရီတာ ခပ်တိုးတိုးလေး ပြောသည် ။ သူမ ကျယ်လောင်စွာ စကားမပြောချင်ပါ။ အာနက်စ်အား အနှောင့်အယှက် မဖြစ်စေလိုသောကြောင့်ပင်တည်း။

***

# အခန်း ၅

၁၉၆၀ ခုနှစ်သည် ဂျွန်အက်ဖ်ကနေဒီရော၊ အာနက်စ်ဘယ်လာအတွက်ပါ ကောင်းမြတ်သော နှစ်တစ်နှစ် ဖြစ်လေသည် ။ အမေရိကန်ပြည်သူ၊ ပြည်သားများ သည် မက်ဆာချူးဆက်ပြည်နယ်မှ လွှတ်တော်အမတ်ကလေးအား ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်သို့ ပြောင်းရွှေ့နေထိုင်စေခဲ့ကြသလို ဒါချောင်မှ ကောင်လေးကိုလည်း ဟာဗတ်ဒ် တက္ကသိုလ်ကြီးက ကမ်းဘရစ်ချ် တက္ကသိုလ် "လိုဝဲလ်အဆောင်"ရှိ အခန်းအကျယ်ကြီး၌ ရွှေ့ပြောင်း နေထိုင်စေခဲ့ပေသည် ။ အာနက်စ်ဘယ်လာသည် ဟာဗတ်ဒ်တက္ကသိုလ်သို့ အသက် ၁၇ နှစ်အရွယ်၌ ဝင်ရောက်ခဲ့သည် ။ ဘယ်လာသည် အောင်မှတ်ကောင်းသူ၊ ဘတ်စကက်ဘောကစားထူးချွန်သူ၊ တိုင်းသိပြည်သိ စိတ် သရုပ်ခွဲပညာရှင်တစ်ဦး၏ မွေးစားသား တစ်ဦးဖြစ်သည့် အရည်အချင်းနှင့် ထူးခြားချက်များကြောင့် ဟားဗတ်ဒ် သို့ ချောမောစွာ ဝင်ခွင့်ရခဲ့လေသည် ။

ခေါင်းလောင်းများ နှင့် ပေါင်းမိုးခုံးခုံးကြီးပါရှိသော "လိုဝဲလ်" အဆောင်ကြီးသည် ဟာဗတ်ဒ် တက္က သိုလ်၌ ဆွဲဆောင်မှုအရှိဆုံးသော အဆောင်များ အနက် တစ်ခုအပါအဝင် ဖြစ်လေသည် ။

၁၉၆၁ ခုနှစ်တွင် အာနက်စ်ဘယ်လာသည် ခေတ်ရေ့ပြေးပြဇာတ်ကို အသည်းစွဲကြိုက်သူ လင်ဒါ အမည်ရှိ ကောင်မလေးတစ်ယောက်နှင့် ရည်စားဖြစ်နေသည် ။ သူမကြောင့် သူသည် ဟာဗတ်ဒ်တက္ကသိုလ် ပြဇာ

တ်အသင်းသို့ ဝင်မိခဲ့သည် ။ သူသည် ပြဇာတ်မင်းသားလုပ်ရန်ပင် ရည်ရွယ်ထားသည် ။

ဦးလေးမာတင်က သဘောမတူပေ။

"မင်း သရုပ်ဆောင်ကောင်းတယ်လို့ ငါသတင်းကြားတယ် အာနက်စ်၊ မင်းကောလိပ်မှာ ရှိတုန်းတော့ ဆက်လုပ်ပါ။ သရုပ်ဆောင်ခြင်းဟာ ကျန်းမာရေးအတွက် ကောင်းပါတယ်။ ဒါပေမဲ့ စီးပွားရေးအတွက်တော့ အမြဲမကောင်းနိုင်ဘူး"

"ကျွန်တော် မဆုံးဖြတ်ရသေးပါဘူး ဦးလေး"

"အေး ဆုံးဖြတ်ချက်ဆိုတာ မြန်မြန်မချသင့်ဘူး။ မင်းကိုငါ ရှင်းရှင်း ပြောမယ် ငါ့ဆီကို လာပြီး ရောဂါ ကုကြတဲ့ ထိပ်တန်းမင်းသားတွေ၊ ဒါရိုက်တာတွေ မနည်းလှဘူး၊ အာမခံမရှိတဲ့ အလုပ်နဲ့ အသက်မွေးရတာ သိပ် ခက်ခဲတယ်လို့ အားလုံး ပြောသွားကြတာချည်းပဲ။ မင်းလည်း စဉ်းစားပေါ့"

အာနက်စ် ဘယ်လာက ခေါင်းညိတ်ခဲ့သည် ။ ၁၉၆၂ခုနှစ်၏ နောက်ပိုင်းတွင် လည်း ဆက်လက်စဉ်းစား နေဆဲ ဖြစ်သည် ။

ဤအချိန်တွင် အဆိုတော်ဂျွန်နီမက်သစ်သည် အယ်လ်ဘမ်လေးချပ် ဆက်တိုက်စွံသွားပြီး ဘီးတဲလ်းစ် အဖွဲ့သည် အင်္ဂလန်နိုင်ငံ၊ လစ်ဗာပူလ်မြို့နယ်လေးရှိ စားသောက်ဆိုင်ငယ်လေးများ ဖျော်ဖြေနေရဆဲရှိသည် ။ ထိုအချိန်၌ပင် အာနက်စ်တစ်ယောက် ဆေးတက္ကသိုလ်သို့တက်ရန် လျှောက်လွှာတင်မည်ဖြစ်ကြောင်း အံ့သြဖွယ် သတင်းကောင်းကို ဦးလေးမာတင် ကြားရလေသည် ။

"သူ သရုပ်ခွဲပညာရှင် ဖြစ်လာလိမ်hမယ်လို့ ရှင်ထင်သလား"

ဂရိတာက သူမ၏ ခင်ပွန်းအား မေးသည် ။

"သူဝင်ခွင့်ရရချင်းတော့ ပထမနှစ် ဆေးကျောင်းသားပဲ ဖြစ်ဦးမှာ "

ဒေါက်တာဘယ်လာက ခစ်ခနဲရယ်၍ ဖြေသည် ။

၁၉၆၄ ခုနှစ် စက်တင်ဘာလ။

ဘီးတဲလ်စ်အဖွဲ့၊ ဟယ်ရီဘယ်လဖွန်တီ အင်ဒီဝီလျံ(စ်)နှင့် လင်ဒင်ဂျွန်ဆင် "တာ" စားသောနှစ်တွင် အာနက်စ်ဘယ်လာအား ဆေးတက္ကသိုလ်ကြီးသုံးခုက ဝင်ခွင့်ပြုလိုက်သည် ။ သူသည် ကိုလံဘီယာတက္ကသိုလ် လက်အောက်ရှိ "သမားတော်များ နှင့် ခွဲစိပ်ဆရာဝန်များ ကောလိပ်" တွင် ပညာဆက်သင်သည် ။ ဟတ်ဒ် ဆင်မြစ်ကြီးကို အပေါ်မှ စီးမြင်နိုင်သော ယင်းကောလိပ်ကျောင်းကြီးသို့ မန်ဟက်တန်မြို့အနောက်ပိုင်းရှိ သူ့ တိုက်ခန်းမှ တစ်ဆယ့်ငါးမိနစ်မျှသာ သွားရသော်လည်း အာနက်စ်သည် အချိန်ကို တန်ဖိုးထားသူဖြစ်သဖြင့် ဘရော့ဒ်ဝေးလမ်းမအနီးလမ်း ၁၇၀တွင် အတန်းသားနှစ်ဦးနှင့် အတူ အခန်းငှား၍ နေကာ ကျောင်းတက်လေ သည် ။ အာနက်စ်သည် အတန်းထဲ၌ အတော်ဆုံးကျောင်းသား ငါးဦးအနက် အမြဲပါဝင်အောင် စာကြိုးစားသည် ။ သူများက စကားလောပြောလျှင် သူကိုယ်တိုင်က စကားစပြောခဲလှသည် ။ ခန္ဓာဗေဒပို့ချသောအတန်းမှ အဖြစ် အပျက် မပေါ်မီက သူ့အား မည်သူကမျှ အထူးတလည် သတိမထားမိခဲ့ကြပေ။

"မင်္ဂလာရှိတဲ့ နံနက်ခင်းပါ ခန္ဓာဗေဒပညာရပ်အပိုင်း(၁)ကို လာတက်ကြတာကို ကြိုဆိုပါတယ်။ ဆရာ တို့ က လူ့ခန္ဓာကိုယ်တွေကို လေ့လာကြမယ်"

ပေါမောက္ခဖစ်ခ်က နှုတ်ဆက်သည် ။ ဖစ်ခ်သည် ကော်ကျစ်စဉ်းလဲသူဖြစ်ကြောင်း လူတိုင်းသိပြီးသား။ ထို့ကြောင့် ကယ်လီဖိုးနီးယားမှ ရင်

သားထွားထွားနှင့် ဆံပင်နက်နက် ကျောင်းသူတစ်ဦးအား ဦးစွာရွေးချယ်၍ မေးခွန်းထုတ်ခြင်းကို မည်သူကမျှ မအံ့ဩပေ။ သူမအမည်က အီဒင်မောရစ္စ။

"လူသေကောင်နဲ့ အတွေ့အကြုံ ရှိခဲ့ဖူးသလား"

"မရှိပါဘူး ဆရာ"

ဖစ်ခ်သည် နောက်ထိုင်ခုံတန်းကို ကြည့်လိုက်ပြန်သည် ထိုင်ခုံနှင့် အမည်ဇယား ချပ်ကိုလည်း ငုံ့ကြည့် သေးသည် ။

"ခင်ဗျားရော မစ္စတာဘယ်လာ၊ လူသေကောင်တွေကို တွေ့ဖူးပါသလား"

"ထောင်နဲ့ ချီပြီး တွေ့ဖူးပါတယ်"

တစ်တန်းလုံး ဝိုင်းရယ်ကြသည် ။

"စစ်ပွဲရုပ်ရှင်ကားတွေအကြောင်းကို ကျုပ်ပြောနေတာ မဟုတ်ဘူး "

ဖစ်ခ်က စိတ်တိုစွာပြောသည် ။

"ဟုတ်ပါတယ်။ ကျွန်တော်ကလည်း တကယ်ပြောနေတာပါ"

ယခုတစ်ကြိမ်တော့ မည်သူမျှမရယ်ကြ။ သူတို့ အားလုံး အာနက်စ်အား စိုက်ကြည့်နေကြသည် ။

"ခင်ဗျား အဲဒီအလောင်းတွေ ထောင်နဲ့ ချီပြီး ဘယ်မှာ တွေ့ခဲ့ရသလဲ မစ္စတာဘယ်လာ"

အာနက်စ်သည် ခေတ္တခဏမျှ ကြောက်မက်ဖွယ်ရာ မူးဝေနောက်ကျိဖွယ်ရာတွင်းကြီးကို မျက်စိထဲပြန် မြင်ယောင်လာသည် ။ သူ့ဘေး၌ အမေရိကန်သံချပ်ကာကား တပ်သားများ ရောက်ရှိ နေသကဲ့သို့ ပင် ခံစား

ရ သည် ။

"ဒါချောင်မှာ ပေါ့၊ အလောင်း နှစ်ထောင် စုပုံပစ်ချထားတဲ့ ဧရာမ တွင်းကြီးထဲမှာ "

တစ်တန်းလုံး အံ့အားသင့်သွားကြသည် ။

ဖစ်ခ်က လက်မလျှော့သေး။

"ဒီမယ် မစ္စတာဘယ်လာ၊ ဒါချောင်အကျဉ်းစခန်းကို ကယ်တင်ခဲ့တဲ့ စစ်တပ်မှာ အမှုထမ်းနိုင်လောက် အောင် အဲဒီတုန်းက ခင်ဗျားအသက် သိပ်မကြီးနိုင်သေးပါဘူး။"

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် အဲဒီတုန်း သုံးနှစ်သားပဲ ရှိသေး တယ်၊ ဒါပေမဲ့ အလောင်းတွေကိုတော့ ကျွန်တော် ကောင်းကောင်း မှတ်မိပါသေးတယ်"

စောစောကလိုပင် တစ်တန်းလုံး ပင့်သက်ရှိုက်လိုက်ကြပြန်သည် ။ အာမေဋိတ်သံတွေ တစ်ပြိုင်တည်း ထွက်သွားကြသည် ။ ဖစ်ခ်သည် သူ၏ ထိပ်ပြောင်နေသော ဦးခေါင်းကို နှစ်ချက်ယမ်းလိုက်သည် ။ သူစိတ် ထိခိုက်သွားသည် ။ ဒီတစ်ချီတော့ သူခံသွားရပြီ။

"ကျုပ် စိတ်မကောင်းပါဘူး မစ္စတာဘယ်လာ"

"ဟုတ်ကဲ့ ကျွန်တော်လည်း စိတ်မကောင်းပါဘူး"

ခန္ဓာဗေဒပညာရပ်ကို အဆင်ပြေစွာဖြင့် ဆက်လက် သင်ကြားသွားမ ည်။ အားနက်စ် ဘယ်လာအဖို့ လည်း အဆင်ချော၏။ ထိုအဖြစ်အပျက် နောက်ပိုင်းတွင် အာနက်စ်သည် သူ၏ စစ်အတွင်းက အတွေ့အကြုံများ ကို ဘယ်တော့မှ ထပ်မပြောတော့ပေ။ သို့သော် သူသည် အခြားကျောင်း သူ၊ ကျောင်းသားများ နှင့် ရင်းနှီးစွာ ပေါင်းသင်း၏။ ထို စာသင်နှစ် ပထ

မနှစ်ဝက်ကုန်ခါနီးတွင် သူသည် အတန်းသား အီဒင်မောရစ္စနှင့် တစ်ပတ်လျှင် နှစ်ကြိမ်ခန့် အတူအိပ်ဖြစ်နေလေပြီ။

၁၉၆၅ ခုနှစ်သည် အာနက်စ်ဘယ်လာအတွက် အကောင်းဆုံးနှစ်ဖြစ်လေသည် ။ ထိုနှစ်တွင် "ခေါင်မိုး ပေါ်က တယောဆရာ" ပြဇာတ်စွဲသွားသလို ရိုးလင်းစတုန်းပေ့ါပ်အဖွဲ့သည် လည်း ဥရောပနှင့် အမေရိကန်တို့ တွင် သီချင်းနှစ်ပုဒ်ဖြင့် တစ်ပြိုင်တည်း အောင်မြင်ကျော်ကြားသွားကြသည် ။ "မာဟင်ဟာမစ်" ပေ့ါပ်အဖွဲ့သား များအား တေးချစ်သူပရိသတ် မြီးကောင်ပေါက်မ ကလေးများ တမ်းတမ်းစွဲဖြစ်နေစဉ် ဒေါက်တာမာတင်ဘယ် လာ၏ တူတော်မောင် အာနက်စ်သည် ဂန္တဝင်ဂီတ၊ ဂျက်ဇ်ဂီတ၊ ခေတ်ဟောင်းတေးသီချင်းများကို အာရုံစိုက် နားထောင်နေသည် ။ အခြားကျောင်းသားများ ဆေးခြောက်ရှူပြီး ငြိမ်းချမ်းရေးဆန္ဒပြပွဲများ သို့ ချီတက်နေစဉ် အာနက်စ်သည် တစ်လခွဲ တစ်ခါ ဆံပင်မှန်မှန်ညှပ်ပြီး သူ့အလုပ်သူလုပ်နေသည် ။ သူသည် လူမှုအဆောက် အအုံကြီးကို ပြုပြင်ပြောင်းလဲပစ်ရန် ဆန္ဒမရှိ၊ အချိန်လည်း မရှိ၊ တတိယနှစ်သင်ခန်းစာများ နှင့် ဆေးခန်းတွင် လက်တွေ့ဆင်းရခြင်းကြောင့် သူသိပ်အလုပ်များ နေသည် ။

သူသည် သူ့ရည်းစား အီဒင်မောရစ္စကဲ့သို့ ဉာဏ်ထက်မြက်သူဖြစ်သည် ။ သို့သော် သူသည် မိမိကမ္ဘာ ကျဉ်းကျဉ်းကလေးထဲ၌ နေတတ်သူ ဖြစ်၏။ ပြင်ပလောကနှင့် သိပ်ပြီးမထိတွေ့လိုသော လူစား ဖြစ်၏။ သူသည် အသိဉာဏ်ကြွယ်ဝသူ၊ သဘောမနောကောင်းသူ ဖြစ်၏။ အီဒင်မောရစ္စသည် အိုကလာဟိုးမားပြည်နယ်မှ ဗလတောင့်တောင့် ဆရာဝန်ပေါက်စတစ်ဦးနောက် ပါသွားခြင်းမှာ အီဒင်မောရစ္စနှင့် အာနက်စ်တို့၏ စာမေးပွဲ ရမှတ်များ ကွာခြားမှုကြောင့် မဟုတ်ပါပေ။

သို့နှင့် အာနက်စ်သည် "ဆယ်လီအင်းန်"အမည်ရှိ ဓာတ်ခွဲခန်း ပညာရှင် ချစ်စဖွယ် အမျိုးသမီးငယ် ကလေးတစ်ယောက်အား အကြိုက် တွေ့သွားပြန်လေသည် ။ သူမအားချစ်ရခြင်းမှာ အာနက်စ်အဖို့ များ စွာ လွယ်ကူလှပေသည် ။

၁၉၆၈ခုနှစ် ဇွန်လတွင် အာနက်စ်ဘယ်လာ ဆရာဝန်ဘွဲ့ကို ရရှိ သောအခါ သူမအား မစွန့်လွှတ်နိုင် သေးဘဲ သူတို့ နှစ်ဦး ဘယ်လီဗြူး ဆေးရုံကြီး၌ အလုပ်သင်ဆရာဝန်တာဝန်များ ထမ်းဆောင်ရစဉ် ပထမ ပိုင်း လများ အထိ ဆက်၍ တွဲနေကြသည် ။ ထို့ကြောင့် လည်း ပူအိုက် သော ဩဂုတ်လ၏ ညတစ်ညတွင် အရှေ့ပိုင်း ၂၉ လမ်းရှိ အာနက်စ်၏ အိမ်သို့ သူမအားပေးထားသော သော့တူဖြင့် ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်သ ည် ။

ယနေ့ည (၇)နာရီတွင် အာနက်စ်က ညစာကျွေးမည်ဟု ချိန်းထားသ ည် မဟုတ်လား။ အာနက်စ်သည် အချိန်တိကျသူ ဖြစ်၏။ စေ့စပ်သေချာ သူ ဖြစ်၏။ သူမက လှူခေါ်ခေါင်းလောင်း နှိပ်သော်လည်း ပြန်ထူးသူမရှိ သဖြင့် အနည်းငယ်မျှ အံ့ဩသွားသည် ။ ပုခုံးတစ်ချက်တွန့်ပြီး အိမ်ထဲ ဝင်ထိုင်စောင့်ရန် ဆုံးဖြတ်သည် ။

အာနက်စ်ဘယ်လာအား ရုပ်မြင်သံကြားရှေ့တွင် ထိုင်ရင်းသတင်း အစီအစဉ်ကို အထူးအာရုံစိုက်ကြည့် နေကြောင်း တွေ့ရသောအခါ သူမ ပို၍ အံ့အားသင့်သွားလေသည် ။

"ဆီးရီးယားနိုင်ငံ၏ ရှေ့တန်းနယ်နိမိတ်ကို ဖြတ်ကျော်လာခဲ့တယ် လို့ သိရပါတယ်။ ကျူးကျော်သူများ ဟာ အော်တိုမစ်တစ်လက်နက်များ ၊ မိုင်းဗုံးများ ၊ ပုဆိန်များ ကိုင်ဆောင် လာခဲ့ကြတာမို့ ကီးဘုဇ်စခန်းရဲ့ အပျက် အစီးကို တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်"

နာမည်ကျော် ရုပ်သံသတင်းအစီအစဉ် ကြေညာသူ "ဝေါလ်တာ ခရွတ်ကိုက်"က ရုပ်သံမှ ပြောနေ သည် ။

တစ်ပြိုင်တည်း၌ပင် "စီဘီအက်" သတင်းဌာနကြီး၏ ဂျေရုဆလင်မြို့ ဌာနခွဲမှ ရုပ်သံကင်မရာမင်း ရိုက်ပြသော ပြကွက်များ ပေါ်လာသည် ။ ဗုံးခွဲခံရသော လူနေအိမ်များ နှင့် ပျက်စီးသွားသော စာသင်ကျောင်းတို့ကို ကောင်းကောင်း မြင်ရသည် ။ ရုပ်သံကင်မရာမင်းသည် ဤသတင်းမျိုးအတွက် ရိုက်ကူးမှု အတွေ့အကြုံ အတော်များများ ရှိပြီးသားဖြစ်မည် ။

ယခု ကင်မရာမင်းသည် အော်ဟစ်နေသော မိန်းမများအား "ပင်န်" ဆွဲယူရိုက်ပြသွားသည် ။

"ထိခိုက်ဒဏ်ရာ ရသူများ အနက် ဆယ့်သုံးယောက်ဟာ မိန်းမနဲ့ ကလေးတွေ ဖြစ်တယ်လို့ သိရပါ တယ်"

ခရွန်ကိုက်က ဆက်ပြောသည် ။

အလောင်းများကို ဆေးရုံးကားများ ပေါ်သို့ တင်နေပြီ။

အော်ဟစ်သံများကို ကြားနေရဆဲ။

"အကြမ်းဖက်သမား လေးယောက် အသေမိပြီး၊ ရှစ်ယောက်၊ ကိုးယောက်လောက် အမှောင်ထဲမှာ လွတ်သွားကြောင်း အစ္စရေး အာဏာပိုင်များက ပြောပါတယ်"

ထို့နောက် ရုပ်သံကုန်စည်ကြော်ငြာ ကားတိုကလေးပေါ်လာသည် ။

"အို စိတ်မကောင်းစရာ၊ စက်ဆုပ်စရာပါလား"

ဆယ်လီအင်းန်က ပြောလိုက်ရာ အာနက်စ်က ခေါင်းညိတ်ပြီး သူမရှိ

ရာ တံခါးပေါက်ဘက်သို့ လှည့်ကြည့်သည် ။

"ဂျူးတွေပဲ ထပ်သေရပြန်ပြီလေ"

"ဒီပြစ်မှုကျူးလွန်တဲ့ လူတွေကို အပြစ်ဒဏ်ပေးသင့်တယ်"

အာနက်စ် လက်ပတ်နာရီကိုကြည့်ပြီး မတ်တတ်ထကာ သူ၏ လည်စည်းကို ပြုပြင်ရင်း တံခါးလက်ကိုင် ဘုသီးကို လှမ်းကိုင်လိုက်၏။

"ဒီအတွက် တစ်ယောက်ယောက်က လက်စားချေပေးရမယ် အာနက်စ်"

ဆယ်လီအင်းန်က ထပ်ပြောပြန်၏။

သူက သူမစကားကို အနည်းငယ်မျှ ချင့်ချိန်ပြီး

"ဘယ်သူ့ကို လက်စားချေခိုင်းမလို့ လဲ" ဟု မေးသည် ။

သူမ ပြန်မဖြေတတ်။

အာနက်စ်တစ်ယောက် ရယ်စရာ ပြောတာလား၊ အတည်ပြောတာလား ဆိုတာ ခွဲခြားသိရခက်သော အခါများ ရှိတတ်သည် ။

ယခုတစ်ကြိမ် ထိုသို့သော အခါသမယမျိုး ဖြစ်၏။

***